# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

**အမှတ် ၁၈ ]** ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက် ( ၂၀၁၄ ခုနှစ်၊ မေလ ၂ ရက် ) } **သောကြာနေ့ [ အတွဲ ၆၇**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

**စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နှင့် ၂၇ ရက်နေ့များတွင် Malteser International အဖွဲ့ ငှားရမ်းထားသည့်နေအိမ်နှင့် UN အဖွဲ့အစည်းများမှ နိုင်ငံခြားသားများ ငှားရမ်းနေထိုင်သည့်နေအိမ်များနှင့် ပစ္စည်းသိုလှောင်သည့်ဂိုဒေါင်များကို ဖျက်ဆီးပြီး ရုန်းရင်းဆန်ခတ် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်သော **"စုံစမ်းစစ်ဆေးရေးအဖွဲ့"** ကို ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

(က) ဗိုလ်ချုပ်မောင်မောင်အုန်း — ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
နယ်စပ်ရေးရာဝန်ကြီးဌာန

(ခ) ဦးလှသိန်း — အဖွဲ့ဝင်
ပြည်နယ်ဥပဒေချုပ်
ရခိုင်ပြည်နယ်

(ဂ) ရဲမှူးချုပ်နေဝင်း — အဖွဲ့ဝင်
တပ်ဖွဲ့မှူး
လေကြောင်းရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

(ဃ) ဦးစစ်အေး အဖွဲ့ဝင်
အဖွဲ့ခေါင်းဆောင်
နိုင်ငံတော်သမ္မတ၏ဥပဒေအကြံပေးအဖွဲ့

(င) ဒေါက်တာကျော်ရင်လှိုင် အတွင်းရေးမှူး
Myanmar Egress

၂။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ၂၀၁၄ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့နှင့် ၂၀၁၄ ခုနှစ်၊ မတ်လ ၂၇ ရက်နေ့တို့တွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ဦးဆောင်ပါဝင်ခဲ့သူများနှင့် ပြစ်မှုကျူးလွန်သူများအား စုံစမ်းစစ်ဆေး ဖော်ထုတ်ရန်။

(ခ) အထက်ပါဖြစ်စဉ် ဖြစ်ပွားရခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်အုပ်ချုပ်ရေးအပိုင်းမှ အဓိကတာဝန် ရှိသူများကို စုံစမ်းစစ်ဆေးဖော်ထုတ်ရန်။

၃။ စုံစမ်းစစ်ဆေးရေးအဖွဲ့ တာဝန်ထမ်းဆောင်စဉ် လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာလိုအပ်ချက်များကို နိုင်ငံတော်သမ္မတရုံးနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့က စီမံဆောင်ရွက်ပေးရမည်။

၄။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ၊ သက်သေခံအက်ဥပဒေနှင့် သက်ဆိုင်ရာဥပဒေတို့နှင့်အညီ စုံစမ်းစစ်ဆေးနိုင်သည့်အပြင် သက်သေများ ဆင့်ခေါ်ခြင်း၊ စာရွက်စာတမ်းများ တောင်းခေါ်ခြင်းနှင့် လိုအပ်သည့်နေရာများသို့ သွားရောက်စစ်ဆေးခြင်း တို့ကို ဆောင်ရွက်ခွင့်ရှိသည်။ စုံစမ်းစစ်ဆေးမှုအစီရင်ခံစာကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့ထက် နောက်မကျ စေဘဲ နိုင်ငံတော်သမ္မတထံသို့ တိုက်ရိုက်အစီရင်ခံတင်ပြရမည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်အမှတ် (၇/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

## မွန်ပြည်နယ်ဝန်ကြီး ပူးတွဲတာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (ဈ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ခ) တို့ပါ ပြဋ္ဌာန်းချက်များအရ မွန်ပြည်နယ် ဗမာတိုင်းရင်းသားရေးရာဝန်ကြီး ဦးသက်ဝင်းအား မွန်ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဌာန ဝန်ကြီးအဖြစ် ပူးတွဲတာဝန်ပေးလိုက်သည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

**၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ခြင်း**

၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေသည် ယင်းဥပဒေပုဒ်မ ၁၊ ပုဒ်မခွဲ (ခ) အရ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် (၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်) နေ့မှစတင်၍ အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက် )

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သော "ပုံနှိပ်သူများ၊ ထုတ်ဝေသူများ မှတ်ပုံတင်နှင့် ဖြန့်ချိရေးလုပ်ငန်းများ ကြီးကြပ်မှုဗဟိုအဖွဲ့" ဖွဲ့စည်းသည့် အမိန့်ကြော်ငြာစာ အမှတ် (၁၉/၂၀၁၃) ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

(ပုံ) သိန်းစိန်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၃ ရက် )

**အမျိုးသားကျန်းမာရေးကော်မတီတွင် အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၄) ဖြင့် ဖွဲ့စည်းခဲ့သော **"အမျိုးသားကျန်းမာရေးကော်မတီ"** တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအား အဖွဲ့ဝင်အဖြစ် ဖြည့်စွက်ဖွဲ့စည်းလိုက်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၃၀/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၇ ရက် )

**နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သော ပညာရပ်များအား နိုင်ငံတကာတက္ကသိုလ်များတွင် တက်ရောက်သင်ယူနိုင်စွမ်းရှိပြီး ထူးချွန်သည့် မြန်မာနိုင်ငံသားလူငယ်များအတွက် ရေရှည်အကျိုးရှိစေ၍ လက်တွေ့ကျသည့် ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ကဏ္ဍစုံမှ ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့် အရည်အချင်းရှိသည့် လူငယ်မျိုးဆက်သစ်ခေါင်းဆောင်များ ပေါ်ထွက်လာစေရန် ရည်ရွယ်၍ **"နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်ရေးကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည် -

(က) ဦးသိန်းထွန်း — ဥက္ကဋ္ဌ
ဥက္ကဋ္ဌ
ထွန်းဖောင်ဒေးရှင်းဘဏ်

(ခ) ဦးစိုးသိန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၃)

(ဂ) ဦးတင်နိုင်သိန်း — အဖွဲ့ဝင်
ပြည်ထောင်စုဝန်ကြီး
သမ္မတရုံးဝန်ကြီးဌာန (၅)

(ဃ) ဒေါ်ရီရီမြင့် အဖွဲ့ဝင်
ပါမောက္ခ (ငြိမ်း)
ရန်ကုန်စီးပွားရေးတက္ကသိုလ်

(င) ဒေါက်တာအောင်ထွန်းသက် အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီ

(စ) ဒေါက်တာဒေါ်ရင်ရင်နွယ် အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီ

(ဆ) ဒေါက်တာသန့်မြင့်ဦး အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီ

(ဇ) ဒေါက်တာကျော်ရင်လှိုင် အဖွဲ့ဝင်
အဖွဲ့ဝင်
အမျိုးသားစီးပွားရေးနှင့်လူမှုရေးအကြံပေးကောင်စီ

(ဈ) ဦးအောင်ကိုဝင်း အဖွဲ့ဝင်
ဥက္ကဋ္ဌ
ကမ္ဘောဇဘဏ်လီမိတက်

(ည) ဒေါက်တာဒေါ်ခင်စန်းရီ အတွင်းရေးမှူး
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန

၂။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်တွင်းရှိ ထူးချွန်ကျောင်းသား/သူများအနက်မှ ပညာတော်သင်ဆုပေးမည့် ကျောင်းသား/သူများအား ပြည်ပတက္ကသိုလ်များ၌ နိုင်ငံတော်စရိတ်ဖြင့် တက်ရောက်ခွင့်ရရှိရေး ရွေးချယ်ပေးရန်။

(ခ) ပညာသင်ဆုလျှောက်ထားမည့်သူများအတွက် လိုအပ်ချက်များကို ကြိုတင်ထုတ်ပြန်အသိပေးရန်။

(ဂ) ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်၍ လိုအပ်သောဥပဒေကြမ်း ရေးသားပြုစုတင်ပြရန်။

၃။ ကော်မတီသည် လိုအပ်သည့် ဆပ်ကော်မတီများကို ဖွဲ့စည်းဆောင်ရွက်သွားရန် ဖြစ်ပါသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက် )

**အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း စနစ်တကျနှင့်ရေရှည်ဖွံ့ဖြိုးတိုးတက်လာစေပြီး ကမ္ဘာပေါ်တွင် ထင်ရှားသည့် ခရီးစဉ်ဒေသတစ်ခုဖြစ်လာစေရန်နှင့် ယင်းလုပ်ငန်းဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် **"အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ"** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်ပါသည် -

| | | |
|---|---|---|
| (က) | ဒုတိယသမ္မတ (၂) | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ပြည်ထောင်စုဝန်ကြီး<br>ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ပြည်ထောင်စုဝန်ကြီး<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုဝန်ကြီး<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုဝန်ကြီး<br>ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုဝန်ကြီး<br>အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ပ) ဝန်ကြီးချုပ် အဖွဲ့ဝင်
တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့

(ဖ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်

(ဗ) ဥက္ကဋ္ဌ အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ဘ) ပြည်ထောင်စုဝန်ကြီး အတွင်းရေးမှူး
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(မ) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန

၂။ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) အမျိုးသားအဆင့်၊ ဒေသအဆင့် ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများ၊ ပင်မစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်ရန်။

(ခ) ယင်းစီမံကိန်းများတွင် ပါဝင်သော လုပ်ငန်းရပ်များကို အချိန်နှင့်တစ်ပြေးညီ အကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ်ထိန်းသိမ်းဆောင်ရွက်ရန်။

(ဂ) ခရီးသွားလုပ်ငန်းပင်မစီမံကိန်းပါ ဦးစားပေးလုပ်ငန်းများအတွက် လိုအပ်သော အကူအညီများကို ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များထံမှ ရရှိနိုင်ရေး ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ၎င်းတို့ပါဝင်သောအဖွဲ့ ပါဝင်ဆောင်ရွက်ရန်။

(ဃ) ခရီးသွားလုပ်ငန်းဆိုင်ရာမူဝါဒများ အကောင်အထည်ဖော်နိုင်ရေးအတွက် ခရီးသွားလုပ်ငန်းကြီးကြပ်ထိန်းသိမ်းမှုအဖွဲ့အား ပြည်နယ်နှင့်တိုင်းဒေသအဆင့်များတွင် ဖွဲ့စည်းတာဝန်ပေးအပ်ရန်။

(င) ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ခရီးသွားလုပ်ငန်းကြီးကြပ်ထိန်းသိမ်းမှုအဖွဲ့နှင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်လက်အောက်ရှိ အသင်းအဖွဲ့များ၏ တင်ပြလာမှုများအပေါ် လမ်းညွှန်မှုပေးရန်နှင့် ကူညီထောက်ပံ့ရန်။

(စ) နှစ်စဉ် နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု တိုးတက်မြင့်မားရေး၊ အမျိုးသားဝင်ငွေတိုးပွားရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိရေးတို့အတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရန်။

(ဆ) ခရီးစဉ်ဒေသဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေး၊ မြန်မာနိုင်ငံအား ခရီးစဉ်ဒေသတစ်ခုအဖြစ် ထင်ရှားလာရေးအတွက် Nation Branding Campaign နှင့် အခြားမြှင့်တင်ကြော်ငြာမှုလုပ်ငန်းများကို ကျယ်ပြန့်စွာဆောင်ရွက်ရန်။

(ဇ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ စာတမ်းဖတ်ပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးနှင့် ပြပွဲများအတွက် လိုအပ်သည့် အကူအညီပေးရန်။

(ဈ) မြန်မာနိုင်ငံခရီးစဉ်ဒေသများ၏ ရှိရင်းဆွဲဆောင်မှုများကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ခရီးစဉ်ဒေသအသစ်နှင့် ဆွဲဆောင်မှုအသစ်များ တိုးချဲ့ဖော်ထုတ်ရန်။

(ည) ခရီးစဉ်ဒေသများ၌ ဝင်ကြေးများ စနစ်တကျကောက်ယူရန်နှင့် နည်းလမ်းများ ချမှတ်၍ ယင်းမှရရှိသောဝင်ငွေဖြင့် တာဝန်သိခရီးသွားလုပ်ငန်းကို အထောက်အကူဖြစ်စေရေး မူဝါဒချမှတ်ဆောင်ရွက်ရန်။

(ဋ) ခရီးစဉ်ဒေသများအတွင်း ဇုန်များသတ်မှတ်ရန်နှင့် ယင်းဇုန်များအတွင်း အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာရေး ကြပ်မတ်ဆောင်ရွက်ရန်။

(ဌ) ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုနှင့်စပ်လျဉ်း၍ ခရီးသွားလုပ်ငန်းအပိုင်းမှ လိုက်လျောညီထွေရှိစေပြီး သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုစေမည့် Green Tourism ဆိုင်ရာအစီအစဉ်များ ဖော်ထုတ်ပေးရန်။

(ဍ) ကာကွယ်တောဧရိယာအတွင်း အပြန်အလှန်အကျိုးရှိစေမည့် သဘာဝအခြေခံခရီးသွားလုပ်ငန်း ဆောင်ရွက်နိုင်ရန်အတွက် ကြီးကြပ်ကွပ်ကဲမှုဆိုင်ရာမူဝါဒ ချမှတ်ပေးရန်။

(ဎ) ခရီးသွားလုပ်ငန်းဆိုင်ရာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာအောင် နိုင်ငံတော်အစိုးရ အစီအမံဖြင့် ဆောင်ရွက်နိုင်ရေးနှင့် ပြည်ပအဖွဲ့အစည်းများ၏ အကူအညီရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်။

(ဏ) အမျိုးသားအဆင့် သယ်ယူပို့ဆောင်ရေးမဟာဗျူဟာတွင် ခရီးသွားလုပ်ငန်းအား အဓိက အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းဖော်ဆောင်ရန်။

(တ) မြန်မာနိုင်ငံဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့်အညီ ပြန်လည်သုံးသပ် ပြုပြင်ရေးဆွဲရန်။

(ထ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ Tourism Police Force ကို ခရီးစဉ်ဒေသများတွင် ဖွဲ့စည်းဆောင်ရွက်ပေးရန်။

(ဒ) ခရီးသွားလုပ်ငန်း စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် အခြေခံလုပ်ငန်းများဖြစ်သည့် ဟိုတယ်လုပ်ငန်း၊ ဧည့်လမ်းညွှန်လုပ်ငန်း၊ စားသောက်ဆိုင်လုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ အမှတ်တရပစ္စည်း ထုတ်လုပ်ရောင်းချခြင်းလုပ်ငန်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် ငွေကြေးလဲလှယ်ခြင်းလုပ်ငန်း စသည်တို့ စနစ်တကျလုပ်ကိုင်နိုင်ရေး လမ်းညွှန်ထိန်းသိမ်းပေးရန်။

(ဓ) လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆိုင်ရာအသက်မွေးဝမ်းကျောင်းမှုသင်တန်းမှ အဆင့်မြင့်ပညာသင်တန်းများအထိ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ရန်။

(န) ခရီးသွားလုပ်ငန်းကြောင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုမထိခိုက်ရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ မပျက်စီး မပျောက်ကွယ်ရေး၊ လူမှုရေးပြဿနာများ မပေါ်ပေါက်ရေး၊ စီးပွားရေးဆိုင်ရာပြဿနာများ မဖြစ်ပေါ်ရေးတို့အတွက် မျက်ခြည်မပြတ် ဂရုစိုက်ထိန်းသိမ်းစောင့်ရှောက်ရန်။

(ပ) ခရီးသည်ရောက်ရှိမှုနှင့် ဒေသအလိုက်ဝန်ဆောင်နိုင်အား မျှတမှု ရှိ/မရှိ ထိန်းသိမ်းကြပ်မတ်နိုင်ရေးအတွက် သုတေသနနှင့်ဆန်းစစ်ခြင်းလုပ်ငန်းများ ပြုလုပ်ရန်။

(ဖ) ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုကြောင့် ခရီးစဉ်ဒေသအတွင်း ဆင့်ပွားအကျိုးသက်ရောက်မှု၊ လူမှုအဆင့်အတန်းဖွံ့ဖြိုးမှု၊ ဆင်းရဲမှုလျှော့ချနိုင်မှုတို့ကို မှန်ကန်တိကျသောကိန်းဂဏန်းများဖြင့် ဖော်ထုတ်ပြသရန်။

(ဗ) ပြည်သူများ ပြည်ပထွက်ခွာသည့်ခရီးသွားလုပ်ငန်း (Outbound Tourism) ကို ခရီးသွားကိုယ်စားလှယ်များမှ စနစ်တကျလုပ်ကိုင်ဆောင်ရွက်နိုင်ရေး စည်းမျဉ်း၊ စည်းကမ်းများဖြင့် လုပ်ကိုင်ခွင့်ပြုရန်။

(ဘ) ပြည်တွင်းခရီးသွားလုပ်ငန်း (Domestic Tourism) စနစ်တကျဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်။

(မ) ကော်မတီသည် လိုအပ်ပါက ဆပ်ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

**ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ အထူးလုပ်ငန်းအဖွဲ့ (Task Force) အား ပြင်ဆင်တိုးချဲ့ဖွဲ့စည်းခြင်း**

**ရည်ညွှန်းချက်**။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၇/၂၀၁၃

၁။ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးကော်မတီ၏ ပထမအဆင့်လုပ်ငန်းတွင် အမျိုးသားပညာရေးမူဝါဒများနှင့် အမျိုးသားပညာရေးဥပဒေ (မူကြမ်း) တို့ကို ဦးစားပေးဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၂။ ဒုတိယအဆင့်လုပ်ငန်းတွင် **အမျိုးသားပညာရေးစီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းတာဝန်နှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် အသက်မွေးဝမ်းကျောင်းပညာဆိုင်ရာသင်တန်းများ တိုးချဲ့ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းတာဝန်**တို့ကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည့်အတွက် မူလအထူးလုပ်ငန်းအဖွဲ့ (Task Force) တစ်ဖွဲ့တည်းဖြင့် ဖွဲ့စည်းဆောင်ရွက်ခြင်းထက် ပိုမိုထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် အထူးလုပ်ငန်းအဖွဲ့ (Task Force) နှစ်ဖွဲ့ခွဲ၍ ပြင်ဆင်တိုးချဲ့ဖွဲ့စည်းလိုက်ပါသည် -

(က) **ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်<br>ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၈) | အဖွဲ့ဝင်<br>ပြည်ထောင်စုရာထူးဝန်အဖွဲ့ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၉) | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ် (၂) ရန်ကုန် | အဖွဲ့ဝင် |
| (၁၀) | ပါမောက္ခချုပ်<br>စိုက်ပျိုးရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၁) | ပါမောက္ခချုပ်<br>သစ်တောတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၂) | ပါမောက္ခချုပ်<br>မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၃) | ပါမောက္ခချုပ်<br>ပညာရေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၄) | ပါမောက္ခချုပ်<br>နိုင်ငံခြားဘာသာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၅) | ပါမောက္ခချုပ်<br>ရန်ကုန်နည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၆) | ပါမောက္ခချုပ်<br>မန္တလေးနည်းပညာတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၇) | ပါမောက္ခချုပ်<br>ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |
| (၁၈) | ပါမောက္ခချုပ်<br>မန္တလေးတက္ကသိုလ် | အဖွဲ့ဝင် |
| (၁၉) | ပါမောက္ခချုပ်<br>အဝေးသင်တက္ကသိုလ် | အဖွဲ့ဝင် |
| (၂၀) | ညွှန်ကြားရေးမှူးချုပ်များ<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၂၁) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၂၂) | ပါမောက္ခ<br>ဥပဒေပညာဌာန | အဖွဲ့ဝင် |
| (၂၃) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး (၁) |
| (၂၄) | ဒုတိယဝန်ကြီး<br>ပညာရေးဝန်ကြီးဌာန | အတွင်းရေးမှူး (၂) |

( ခ ) **နည်းပညာနှင့်အသက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့**

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန | ဥက္ကဋ္ဌ |

| | | |
|---|---|---|
| (၂) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ဆက်သွယ်ရေးနှင့်ဆောက်လုပ်ရေးဆပ်ကော်မတီ | အဖွဲ့ဝင် |
| (၄) | ဒုတိယဝန်ကြီး<br>အသေးစားနှင့်အလတ်စားလုပ်ငန်းများ<br>ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုဆပ်ကော်မတီ | အဖွဲ့ဝင် |
| (၅) | ဒုတိယဝန်ကြီး<br>ပညာရေး၊ ကျန်းမာရေးနှင့်လူမှုဖွံ့ဖြိုးရေးဆပ်ကော်မတီ | အဖွဲ့ဝင် |
| (၆) | ဒုတိယဝန်ကြီး<br>အလုပ်အကိုင်နှင့်လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ | အဖွဲ့ဝင် |
| (၇) | ဒုတိယဝန်ကြီး<br>ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆပ်ကော်မတီ | အဖွဲ့ဝင် |
| (၈) | ဒုတိယဝန်ကြီး<br>လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍဆပ်ကော်မတီ | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုညွှန်ကြားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သမဝါယမဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၁) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၂) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၄) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆက်သွယ်ရေးနှင့်<br>သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၅) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၆) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၇) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၁၈) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | အဖွဲ့ဝင် |

(၁၉) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန

(၂၀) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရထားပို့ဆောင်ရေးဝန်ကြီးဌာန

(၂၁) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်
ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(၂၂) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

(၂၃) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံကုန်သည်များနှင့်
စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(၂၄) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း

(၂၅) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း

(၂၆) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း

(၂၇) ကိုယ်စားလှယ်တစ်ဦး အဖွဲ့ဝင်
မြန်မာနိုင်ငံဘဏ်လုပ်ငန်းရှင်များအသင်း

(၂၈) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့်
ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

(၂၉) ဒုတိယဝန်ကြီး အတွင်းရေးမှူး
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

၃။ ပညာရေးမြှင့်တင်မှုအကောင်အထည်ဖော်ရေးအထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အသစ်ပြဋ္ဌာန်းသည့် အမျိုးသားပညာရေးဥပဒေနှင့်အညီ အခြားဆက်စပ်ဥပဒေများကို ရေးဆွဲရန်။

(ခ) အမျိုးသားပညာရေးဥပဒေနှင့် မူဝါဒများအပေါ် မူတည်၍ အမျိုးသားပညာရေးဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Education Development Plan) ရေးဆွဲအကောင်အထည်ဖော်ရန်။

(ဂ) ပညာရေးအဆင့်အတန်းမြင့်မားတိုးတက်ရေးအတွက် မူကြိုမှအစ ကျောင်းများ၊ တက္ကသိုလ်များ၏ စီမံခန့်ခွဲမှုစွမ်းရည်မြှင့်တင်ရေး စီမံရန်။

(ဃ) မူကြိုကျောင်းများ တိုးချဲ့ဖွင့်လှစ်ရေးနှင့် ဆရာမွေးထုတ်ရေး၊ သင်ရိုးနှင့်အရည်အသွေး တိုးတက်ကောင်းမွန်အောင် စီမံရေးတို့ ဆောင်ရွက်သွားရန်။

(င) မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်တွင် အရည်အသွေးမြင့်မားတိုးတက်ရေးအတွက် အလွတ်ကျက်မှတ်ဖြေဆိုသည့်အဆင့်မှ စဉ်းစားတွေးခေါ်ဖြေရှင်းတတ်ရေးအတွက် သင်ကြားရေး၊ သင်ရိုးညွှန်းတမ်းများနှင့် အရည်အသွေးစစ်ဆေးအကဲဖြတ်သည့်စနစ်များ တိုးတက်ကောင်းမွန်ရေး စီမံရန်။

(စ) ကျောင်း၊ သင်ထောက်ကူပစ္စည်း၊ ဆရာ၊ ငွေကြေးလိုအပ်ချက်များ စီမံတွက်ချက်၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဦးစားပေးအစီအစဉ်များ စီမံရေးဆွဲဆောင်ရွက်ရန်။

(ဆ) ကျောင်းကောင်စီ၊ မိဘဆရာအသင်းများ ဖွဲ့စည်းထားပြီးဖြစ်၍ ဆရာ၊ မိဘ၊ ကျောင်းသားပူးပေါင်းလျက် လက်ရှိပညာရေးစနစ်မြင့်မားရေး ပူးပေါင်းစီမံဆောင်ရွက်သွားရန်။

(ဇ) ကျောင်းပြင်ပပညာရေးလုပ်ငန်းစဉ်များ၊ စာတတ်မြောက်ရေးလှုပ်ရှားမှုများ၊ အားကစား၊ စာပေ၊ ယဉ်ကျေးမှု၊ သက်မွေးပညာဘက်စုံဖွံ့ဖြိုးရေး၊ လူရည်ချွန်၊ ကင်းထောက်လူရည်ချွန် ပညာသင်ဆုချီးမြှင့်ရေးအစီအစဉ်များ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားရန်။

(ဈ) ကွန်ပျူတာဘာသာရပ်အား အလယ်တန်းအောင်မြင်ချိန်တွင် တတ်မြောက်ပြီးဖြစ်ရေး စီမံသွားရန်။

(ည) ဆရာများ စွမ်းရည်မြင့်မားရေးနှင့် ဆရာလိုအပ်ချက်ပြည့်မီရေး စီမံသွားရန်။

(ဋ) အဆင့်မြင့်ပညာရေးအား သီးခြားလွတ်လပ်ပြီး ပြိုင်ဆိုင်မှုဖြင့် တိုးတက်လာရေး၊ နိုင်ငံတကာအဆင့်မီရေး၊ အရည်အသွေးမြင့်မားရေး ဆောင်ရွက်သွားရန်။

(ဌ) ပြန်လည်စုဖွဲ့သင့်သည့် တက္ကသိုလ်များ ပြန်လည်စုဖွဲ့ဆောင်ရွက်သွားရန်။

(ဍ) တက္ကသိုလ်ဝန်းကျင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတိုးတက်ရေး ဖြည့်ဆည်းဆောင်ရွက်သွားရန်။

(ဎ) နိုင်ငံတကာဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်များ၌ Driver Seat နေရာမှလိုအပ်သည့်ကဏ္ဍ၌ ခွဲဝေညှိနှိုင်းစီမံသွားရန်။

(ဏ) အစီအမံများ ရေးဆွဲရာတွင် လက်တွေ့ကျပြီး အကျိုးရလဒ်ထိရောက်မှုရှိသည့်လုပ်ငန်းများကို ဦးစားပေးအစီအစဉ်ဖြင့် ရေးဆွဲပြီး ဘဏ္ဍာငွေကြေးသုံးစွဲမှုအစီအမံ (Financial Plan) အား စီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေးကော်မရှင်များသို့ အချိန်မီတင်ပြနိုင်ရေး စီမံဆောင်ရွက်သွားရန်။

(တ) စီမံဆောင်ရွက်ရာတွင် ဝန်ကြီးဌာနတစ်ခုတည်းက Top-Down မူဝါဒ ချမှတ်ဆောင်ရွက်ခြင်းမျိုး မပြုလုပ်ဘဲ (Strategic Plan) ကိုသာ မူဘောင် (Framework) အဖြစ် လျာထား၍ လက်တွေ့အကောင်အထည်ဖော်မှုလုပ်ငန်းစဉ် (Tactic) ကို အောက်ခြေတွင် လက်တွေ့အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည့်အစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်း (Bottom Up) တင်ပြမှုအပေါ် လိုအပ်ချက်များအား လက်တွေ့ကျကျ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ထ) အမျိုးသားပညာရေးဥပဒေအရ ပေါ်ပေါက်လာမည့် ကော်မတီ၊ ကောင်စီများအား လိုအပ်သလို ဖွဲ့စည်းနိုင်ရေးအတွက် လျာထားချက်များအား ၂၀၁၄ ခုနှစ် မေလကုန်အပြီး တင်ပြသွားရန်။

(ဒ) အထူးလုပ်ငန်းအဖွဲ့သည် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်မည့် အကြံပေးအဖွဲ့ (Advisory Board) နှင့် လုပ်ငန်းအဖွဲ့ (Work group) များကို ဖွဲ့စည်းညှိနှိုင်းခြင်းနှင့် ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ဆွေးနွေးခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်သွားရန်။

၄။ နည်းပညာနှင့်သက်မွေးဝမ်းကျောင်းပညာကဏ္ဍ တိုးချဲ့မြှင့်တင်အကောင်အထည်ဖော်ရေး အထူးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) အမျိုးသားပညာရေးမူဝါဒ၊ ဥပဒေတို့နှင့်လည်းကောင်း၊ အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေနှင့်လည်းကောင်း လိုက်လျောညီထွေပြီး စိုက်ပျိုးမွေးမြူရေး၊ စက်မှု၊ သတ္တု၊ စွမ်းအင်၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ ဝန်ဆောင်မှုလုပ်ငန်း အသီးသီးလွှမ်းခြုံနိုင်သည့် နည်းပညာနှင့် သက်မွေးပညာရေးဥပဒေ (မူကြမ်း) ကို ၂၀၁၄ ခုနှစ် မေလအပြီး ရေးဆွဲတင်ပြရေး စီမံရန်။

(ခ) နိုင်ငံတော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးအတွက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးတို့အတွက် နည်းပညာနှင့်သက်မွေးဝမ်းကျောင်း

ပညာကဏ္ဍဖွံ့ဖြိုးရေး (National TVET Development Plan) ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဂ) လက်ရှိ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများတွင် ကျွမ်းကျင်လုပ်သားလိုအပ်ချက်စာရင်းဇယားများ၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းကဏ္ဍအလိုက် ကျွမ်းကျင်လုပ်သား လူ့စွမ်းအားအရင်းအမြစ်လိုအပ်ချက်များအား စာရင်းဇယားများ စုဆောင်းကောက်ယူရေးနှင့် အလုပ်လက်မဲ့စာရင်းကောက်ယူပြီး (Demand Driven Approach) ဖြင့် လိုအပ်သည့် သက်မွေးပညာသင်တန်းများ ဖွင့်လှစ်လေ့ကျင့်မွေးထုတ်ရေး စီမံသွားရန်။

(ဃ) ထိုသို့စီမံရာတွင် လက်ရှိအစိုးရဌာနအသီးသီး၏ လက်အောက်ရှိ တက္ကသိုလ်များ၊ ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ၏ သင်တန်းများကို ပြည်သူများ ပါဝင်တက်ရောက်ခွင့်ရရှိနိုင်ရေးအတွက် အကျိုးရှိထိရောက်မှုရှိစွာ ပြောင်းလဲစီမံသွားရန်။

(င) အချို့သောအစိုးရဌာန၊ မြေ၊ အဆောက်အဦ၊ ကျွမ်းကျင်သူ၊ သင်ထောက်ကူ၊ စက်ကိရိယာ၊ အရင်းအမြစ်ကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူနှင့် ပူးပေါင်း၍ (Private Partnership) အသွင်ဖြင့် စီးပွားရေးဆန်ဆန် ပြောင်းလဲပြီး သက်မွေးပညာသင်ကြားရာဌာနများအဖြစ် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်။

(စ) လက်ရှိ နည်းပညာနှင့်သက်မွေးပညာတက္ကသိုလ်ကျောင်းများတွင် ဆရာနှင့်ကျောင်းသား၊ သင်ထောက်ကူအခြေအနေပေါ် မူတည်၍ ပြန်လည်စုဖွဲ့သင့်သည်များကို ပြင်ဆင်ခြင်း၊ ဒေသလိုအပ်ချက်နှင့်အညီ ဘာသာရပ်ပြောင်းလဲဖွင့်လှစ်ခြင်းများ စီမံသွားရန်။

(ဆ) အစိုးရကဖြစ်စေ၊ အစိုးရနှင့် ပုဂ္ဂလိကဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍကဖြစ်စေ ကဏ္ဍအလိုက်၊ ဒေသအလိုက် ဖွင့်လှစ်နေသော သင်တန်းများအပေါ် ပြန်လည်လေ့လာသုံးသပ်ဆွေးနွေးညှိနှိုင်းပြီး အရည်အသွေး စံချိန်စံညွှန်းများ မြင့်မားတိုးတက်ရေး အားပေးမြှင့်တင်စီမံဆောင်ရွက်သွားရန်။

(ဇ) အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးတို့ကို အမျိုးသားအဆင့်နှင့် ဒေသအဆင့် စံသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှတ်ပုံတင်ပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လျက် ပြည်တွင်းနှင့်ပြည်ပတွင် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်သွားရန်။

(စျ) ကျွမ်းကျင်သောစစ်ဆေးသူနှင့် ကျွမ်းကျင်သောနည်းပြများ မွေးထုတ်ရေးအတွက် ပြည်တွင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းနှင့် ပြည်ပသင်တန်းများ စေလွှတ်ခြင်း စီမံသွားရန်။

(ည) သင်တန်းများတွင် စာတွေ့ထက် လက်တွေ့ကို ပိုမိုဦးစားပေးပြီး လုပ်သားဈေးကွက်လိုအပ်ချက်အတွက် ကျွမ်းကျင်သူများ မွေးထုတ်သွားရန်၊ ထိုသို့စီမံရာတွင် အချိန်ပိုင်း၊ ကာလတို၊ ကာလရှည်သင်တန်းများ ဖွင့်လှစ်သွားရန်။

(ဋ) အသေးစားနှင့်အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ပုဂ္ဂလိကဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အစိုးရနှင့်ပုဂ္ဂလိက နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်မှု စီမံသွားရန်နှင့် လစဉ်ပူးပေါင်းဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများကို သတင်းထုတ်ပြန်သွားရန်။

(ဌ) အစိုးရကျောင်းများ၊ သင်တန်းများအတွက် လက်တွေ့ကျကျ ဆောင်ရွက်နိုင်မည့် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများကို ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းပြင်ဆင်ရေးဆွဲသွားရန်နှင့် အစိုးရအဖွဲ့အစည်း သင်တန်းများအတွက် စီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေးကော်မရှင်များသို့ အချိန်မီရေးဆွဲတင်ပြသွားရန်။

(ဍ) အထူးလုပ်ငန်းအဖွဲ့သည် လုပ်ငန်းကဏ္ဍအလိုက် လိုအပ်မည့် အကြံပေးအဖွဲ့ (Advisory Board) နှင့် လုပ်ငန်းအဖွဲ့ (Work group) များကို ပုဂ္ဂလိကကဏ္ဍနှင့် ပူးပေါင်း၍ လိုအပ်သလို ဖွဲ့စည်းညှိနှိုင်းခြင်း၊ ဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်း ဆောင်ရွက်သွားရန်။

(ပ) ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် နည်းပညာအထောက်အပံ့၊ သင်ထောက်ကူပစ္စည်းအကူအညီရရှိရေး၊ ပညာသင်စေလွှတ်ရေးကိစ္စတို့အပြင် မူဝါဒဥပဒေရေးဆွဲရေးအတွက် လိုအပ်သောပညာရှင်များဖြင့် ဆွေးနွေးခြင်းတို့ကို လိုအပ်သလို ဆောင်ရွက်သွားရန်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၀/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

**၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်း ဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ

## ( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၇။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်
( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)

### နိဒါန်း

နိုင်ငံတော်တွင် စိုက်ပျိုးရေးကို ပိုမိုတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားရေးနယ်ပယ်အသီးသီးဖွံ့ဖြိုးတိုးတက်ရေး၊ စာရင်းအင်းကိန်းဂဏန်းများ အရည်အသွေးပြည့်ဝရေး စသည့် စီးပွားရေးမူဝါဒ (၄) ရပ်ကို ချမှတ်ဆောင်ရွက်လျက် ရှိရာ ဆင်းရဲချမ်းသာကွာဟမှု လျော့နည်းရေး၊ ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်ရေး၊ သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်မှုစနစ် ဖြစ်ပေါ်ရေး စသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးမျှော်မှန်းချက်များကို အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အထိ ပထမငါးနှစ်စီမံကိန်း၏ စတုတ္ထနှစ်အတွက် အမျိုးသားစီမံကိန်းဥပဒေဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **အမျိုးသားစီမံကိန်း**ဆိုသည်မှာ တစ်မျိုးသားလုံး၏ လူမှုစီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း မည်ရွေ့မည်မျှ တိုးတက်ရမည်ဆိုသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းအစီအစဉ်များဖြစ်သည်။ စီမံကိန်းများ၌ အနှစ် ၂၀ နှစ်ရှည်စီမံကိန်း၊ ငါးနှစ်ကာလတိုစီမံကိန်း၊ အဆိုပါစီမံကိန်းများကို နှစ်စဉ်အကောင်အထည်ဖော်မည့် နှစ်စဉ်စီမံကိန်းများ ပါဝင်ပါသည်။ အမျိုးသားစီမံကိန်းတွင် ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ ဝိသေသပြုရေးဆွဲချမှတ်သော လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များနှင့် မြို့ပြစီမံကိန်းများ၊ စက်မှုဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ၊ ရင်းနှီးမြှုပ်နှံမှုဖွံ့ဖြိုးရေးစီမံကိန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းများ၊ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းများ စသည့် စီမံကိန်းများ ဘက်စုံဆက်စပ်အကျုံးဝင်သည်ဟု မှတ်ယူရမည်။

(ခ) **စီမံကိန်းရည်မှန်းချက်**ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးတစ်ရပ်လုံးအတွက်ဖြစ်စေ၊ ကဏ္ဍအလိုက်ဖြစ်စေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက်ဖြစ်စေ မည်ရွေ့မည်မျှ ဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်မှန်းလျာထားချက်များဖြစ်သည်။

(ဂ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(ဃ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းဖြစ်သည်။

(င) **သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများ**ဆိုသည်မှာ အမျိုးသားစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သည့် ဗဟိုအဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ စည်ပင်သာယာရေးကော်မတီများနှင့် စည်ပင်သာယာရေးအဖွဲ့များကို ဆိုသည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်စီမံကိန်း၏ အရေးကြီးသည့် ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး (GDP) ကို ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်ပုံမှန်ဈေးနှုန်းများအရ ၉.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(ခ) ပုံမှန်စျေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၂. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၈. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်လျက်ရှိသဖြင့် သစ်တောကဏ္ဍတွင် ၂၉. ၄ ရာခိုင်နှုန်းလျော့နည်းဖြစ်ပေါ်ရန်၊

(၄) စွမ်းအင်ကဏ္ဍတွင် ၁၃. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၈. ၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) စက်မှုလက်မှုကဏ္ဍတွင် ၉. ၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ၁၁. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) ဆောက်လုပ်မှုကဏ္ဍတွင် ၁၄. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) ပို့ဆောင်ရေးကဏ္ဍတွင် ၇. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) ဆက်သွယ်ရေးကဏ္ဍတွင် ၆၈. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ငွေရေးကြေးရေးကဏ္ဍတွင် ၂၃. ၉ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၂၁. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၁၁. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ကုန်သွယ်မှုကဏ္ဍတွင် ၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဂ) တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တိုးတက်မှုနှုန်းများမှာ ပုံမှန်စျေးနှုန်းများအရ -

(၁) ကချင်ပြည်နယ်တွင် ၂. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) ကယားပြည်နယ်တွင် ၁၀. ၁ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) ကရင်ပြည်နယ်တွင် ၁၅. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၄) ချင်းပြည်နယ်တွင် ၂၆. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၅) စစ်ကိုင်းတိုင်းဒေသကြီးတွင် ၉. ၆ ရာခိုင်နှုန်း တိုးတက်ရန်၊

(၆) တနင်္သာရီတိုင်းဒေသကြီးတွင် ၉. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၇) ပဲခူးတိုင်းဒေသကြီးတွင် ၈. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၈) မကွေးတိုင်းဒေသကြီးတွင် ၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၉) မန္တလေးတိုင်းဒေသကြီးတွင် ၁၂. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၀) မွန်ပြည်နယ်တွင် ၁၀. ၄ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၁) ရခိုင်ပြည်နယ်တွင် ၅. ၇ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၂) ရန်ကုန်တိုင်းဒေသကြီးတွင် ၉. ၃ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၃) ရှမ်းပြည်နယ်တွင် ၅. ၀ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၄) ဧရာဝတီတိုင်းဒေသကြီးတွင် ၆. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၁၅) နေပြည်တော်ကောင်စီနယ်မြေတွင် ၂၈. ၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(ဃ) တစ်မျိုးသားလုံး၏ ပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများအရ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၂၉.၉ ရာခိုင်နှုန်းမှ ၂၈.၆ ရာခိုင်နှုန်းသို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၃.၈ ရာခိုင်နှုန်းမှ ၃၅.၀ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှုအချိုးအစားကို ၃၆.၃ ရာခိုင်နှုန်းမှ ၃၆.၄ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(င) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းစားသုံးမှုတန်ဖိုးကို ကျပ် ၄၈,၈၀၉.၇ ဘီလီယံဖြစ်ပေါ်ရန်၊

(စ) နှစ်အလိုက်ဈေးနှုန်းများအရ စုစုပေါင်းရင်းနှီးမြှုပ်နှံမှုတွင် နိုင်ငံပိုင်အခန်းမှ အချိုးအစားအားဖြင့် ၂၉.၄ ရာခိုင်နှုန်း၊ သမဝါယမပိုင်အခန်းမှ အချိုးအစားအားဖြင့် ၀.၀၁ ရာခိုင်နှုန်း၊ ပုဂ္ဂလိကပိုင်အခန်းမှ အချိုးအစားအားဖြင့် ၇၀.၆ ရာခိုင်နှုန်း ရင်းနှီးမြှုပ်နှံရန်၊

(ဆ) နှစ်အလိုက်ဈေးနှုန်းများအရ ပြည်ပပို့ကုန်ကို ကျပ် ၁၂,၄၄၆.၀ ဘီလီယံ တင်ပို့ရန်နှင့် ပြည်ပသွင်းကုန်ကို ကျပ် ၁၂,၇၄၀.၀ ဘီလီယံ တင်သွင်းရန်၊

(ဇ) လူတစ်ဦးစီ၏ ပျမ်းမျှပြည်တွင်းအသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Per capita GDP) မှာ နှစ်အလိုက် ဈေးနှုန်းများအရ ကျပ် ၉၆၂,၂၄၇ မှ ကျပ် ၁,၀၆၅,၂၇၇ သို့ ဖြစ်ပေါ်လာရန်၊

## အခန်း (၃)

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပူးတွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) နှင့် (၇) တို့တွင် ဖော်ပြထားသော စီမံကိန်းရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများအလိုက်၊ ဒေသအလိုက် လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ်ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီမံကိန်းများအား လေ့လာဆန်းစစ်၍ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အမှန်တကယ်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအား ဆက်လက်အကောင်အထည်ဖော်ရမည်။ သို့ရာတွင် အကျိုးစီးပွားဖြစ်ထွန်းမှုမရှိသော စီမံကိန်းများအား ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ ခွင့်ပြုခြင်းများ ဆောင်ရွက်ရမည်။

၇။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီးပွားရေးစီမံကိန်းများကို ဆောင်ရွက်ရာတွင် လက်ငင်း၊ ရေတိုအတွက် အကျိုးဖြစ်ထွန်းစေသော စီမံကိန်းများကို ဦးစားပေးရမည်။ ထို့ပြင် ရေရှည်အကျိုးရှိသော စီမံကိန်းများကိုလည်း မျှတစွာ ထည့်သွင်းစီမံဆောင်ရွက်ရမည်။

၈။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ လက်ငင်း၊ ရေတိုနှင့် ရေရှည်အကျိုးဖြစ်ထွန်းစေသော နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် ထာဝရရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုကိုလည်း အလေးထားဆောင်ရွက်ရမည်။

၉။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် စီမံကိန်းများ တင်ပြဆောင်ရွက်ရာတွင် သတ်မှတ်ထားသော အင်္ဂါရပ်များ၊ ဆန်းစစ်ချက်များ ပြည့်စုံမှသာလျှင် ဆောင်ရွက်ရမည်။

၁၀။ အမျိုးသားစီမံကိန်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားစည်းလုံးညီညွတ်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်သော စီမံကိန်းများနှင့် တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့ကို အထောက်အကူပြုသော စီမံကိန်းများ ပါဝင်ရမည်။

၁၁။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် အမျိုးသားစီမံကိန်းတွင် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ အနက် ပုဂ္ဂလိကလုပ်ပိုင်ခွင့်အဖြစ် လွှဲပြောင်းပေးသင့်သော စီးပွားရေးလုပ်ငန်းများကို နှစ်အလိုက် လွှဲပြောင်း ပေးမည့် စီမံကိန်းများအဖြစ် ထည့်သွင်းရေးဆွဲရမည်။

၁၂။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစီမံကိန်းများသည် ဖြစ်မြောက်နိုင်စွမ်း ရှိ မရှိ၊ စီးပွားရေးအရ တွက်ခြေကိုက်မှု ရှိ မရှိ၊ ပြည်သူများအတွက် အကျိုး ရှိ မရှိ၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြု မပြု၊ ပတ်ဝန်းကျင်ကို ထိခိုက်မှုရှိ မရှိ စသည်တို့ကို ဘက်စုံလေ့လာဆန်းစစ်ပြီး ပြည်ထောင်စု အစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ရရှိထားပြီးသော လုပ်ငန်းစီမံကိန်းများ ဖြစ်ရမည်။

၁၃။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရထုတ်ပြန်သည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းရင်းနှီးမြှုပ်နှံမှု လျာထားချက်တွင် ပါရှိသည့်နိုင်ငံပိုင်အခန်းဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်း များနှင့် ရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသော ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများကို အကောင် အထည်ဖော် ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပူးတွဲ-၁**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၅,၈၆၅,၂၉၆. ၇** | **၃၁. ၈** | **၃. ၃** | **၁၆,၄၈၉,၃၀၈. ၂** | **၃၀. ၃** | **၃. ၉** |
| | ၁ | လယ်ယာ | ၁၁,၆၃၃,၁၂၈. ၃ | ၂၃. ၃ | ၂. ၃ | ၁၁,၉၄၄,၀၈၇. ၈ | ၂၁. ၉ | ၂. ၇ |
| | ၂ | သားငါး | ၄,၀၈၂,၈၄၄. ၆ | ၈. ၂ | ၆. ၇ | ၄,၄၃၉,၈၀၉. ၉ | ၈. ၂ | ၈. ၇ |
| | ၃ | သစ်တော | ၁၄၉,၃၂၃. ၈ | ၀. ၃ | -၆. ၁ | ၁၀၅,၄၁၀. ၅ | ၀. ၂ | -၂၉. ၄ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၄,၃၃၈,၅၇၃. ၉** | **၂၈. ၈** | **၁၃. ၃** | **၁၅,၈၂၇,၆၁၂. ၇** | **၂၉. ၁** | **၁၀. ၄** |
| | ၁ | စွမ်းအင် | ၇၀,၉၉၈. ၉ | ၀. ၂ | ၅. ၅ | ၈၀,၅၂၄. ၁ | ၀. ၂ | ၁၃. ၄ |
| | ၂ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၄၁၅,၁၂၆. ၈ | ၀. ၈ | ၂၄. ၆ | ၄၅၁,၆၇၈. ၆ | ၀. ၈ | ၈. ၈ |
| | ၃ | စက်မှုလက်မှု | ၁၀,၇၇၈,၇၃၆. ၅ | ၂၁. ၆ | ၁၀. ၉ | ၁၁,၈၀၂,၃၈၄. ၁ | ၂၁. ၇ | ၉. ၅ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၅၇၃,၈၀၄. ၄ | ၁. ၂ | ၁၃. ၈ | ၆၄၀,၂၀၆. ၈ | ၁. ၂ | ၁၁. ၆ |
| | ၅ | ဆောက်လုပ်မှု | ၂,၄၉၉,၉၀၇. ၃ | ၅. ၀ | ၂၂. ၇ | ၂,၈၅၂,၈၁၉. ၁ | ၅. ၂ | ၁၄. ၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၁၉,၆၆၄,၉၄၂. ၇** | **၃၉. ၄** | **၁၀. ၇** | **၂၂,၁၁၁,၃၄၂. ၄** | **၄၀. ၆** | **၁၂. ၄** |
| | ၁ | ပို့ဆောင်ရေး | ၆,၂၀၅,၈၅၄. ၁ | ၁၂. ၄ | ၅. ၁ | ၆,၆၇၅,၂၉၃. ၇ | ၁၂. ၃ | ၇. ၆ |
| | ၂ | ဆက်သွယ်ရေး | ၁,၅၄၇,၇၂၅. ၁ | ၃. ၁ | ၅၇. ၂ | ၂,၆၁၄,၁၇၉. ၅ | ၄. ၈ | ၆၈. ၉ |
| | ၃ | ငွေရေးကြေးရေး | ၁၀၃,၀၇၁. ၄ | ၀. ၂ | ၉၂. ၇ | ၁၂၇,၆၆၀. ၄ | ၀. ၂ | ၂၃. ၉ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁,၁၄၄,၂၉၆. ၀ | ၂. ၃ | ၂၇. ၈ | ၁,၃၈၆,၉၃၉. ၇ | ၂. ၆ | ၂၁. ၂ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁,၁၁၉,၆၇၃. ၆ | ၂. ၃ | ၁၅. ၇ | ၁,၂၅၁,၁၃၁. ၄ | ၂. ၃ | ၁၁. ၇ |
| | ၆ | ကုန်သွယ်မှု | ၉,၅၄၄,၃၂၂. ၅ | ၁၉. ၁ | ၆. ၆ | ၁၀,၀၅၆,၁၃၇. ၇ | ၁၈. ၄ | ၅. ၄ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၄၉,၈၆၈,၈၁၃. ၃** | **၁၀၀. ၀** | **၈. ၉** | **၅၄,၄၂၈,၂၆၃. ၃** | **၁၀၀. ၀** | **၉. ၁** |

**ပူးတွဲ-၂**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၀,၂၀၃,၈၇၀. ၆** | **၆၀. ၆** | **၇. ၈** | **၃၂,၃၁၆,၉၂၀. ၉** | **၅၉. ၄** | **၇. ၀** |
| | ၁ | လယ်ယာ | ၁၁,၆၃၃,၁၂၈. ၃ | ၂၃. ၃ | ၂. ၃ | ၁၁,၉၄၄,၀၈၇. ၈ | ၂၁. ၉ | ၂. ၇ |
| | ၂ | သားငါး | ၄,၀၈၂,၈၄၄. ၆ | ၈. ၂ | ၆. ၇ | ၄,၄၃၉,၈၀၉. ၉ | ၈. ၂ | ၈. ၇ |
| | ၃ | သစ်တော | ၁၄၉,၃၂၃. ၈ | ၀. ၃ | -၆. ၁ | ၁၀၅,၄၁၀. ၅ | ၀. ၂ | -၂၉. ၄ |
| | ၄ | စွမ်းအင် | ၇၀,၉၉၈. ၉ | ၀. ၂ | ၅. ၅ | ၈၀,၅၂၄. ၁ | ၀. ၂ | ၁၃. ၄ |
| | ၅ | သတ္တုနှင့် တွင်းထွက်ပစ္စည်း | ၄၁၅,၁၂၆. ၈ | ၀. ၈ | ၂၄. ၆ | ၄၅၁,၆၇၈. ၆ | ၀. ၈ | ၈. ၈ |
| | ၆ | စက်မှုလက်မှု | ၁၀,၇၇၈,၇၃၆. ၅ | ၂၁. ၆ | ၁၀. ၉ | ၁၁,၈၀၂,၃၈၄. ၁ | ၂၁. ၇ | ၉. ၅ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၅၇၃,၈၀၄. ၄ | ၁. ၂ | ၁၃. ၈ | ၆၄၀,၂၀၆. ၈ | ၁. ၂ | ၁၁. ၆ |
| | ၈ | ဆောက်လုပ်မှု | ၂,၄၉၉,၉၀၇. ၃ | ၅. ၀ | ၂၂. ၇ | ၂,၈၅၂,၈၁၉. ၁ | ၅. ၂ | ၁၄. ၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၀,၁၂၀,၆၂၀. ၂** | **၂၀. ၃** | **၁၅. ၀** | **၁၂,၀၅၅,၂၀၄. ၇** | **၂၂. ၂** | **၁၉. ၁** |
| | ၁ | ပို့ဆောင်ရေး | ၆,၂၀၅,၈၅၄. ၁ | ၁၂. ၄ | ၅. ၁ | ၆,၆၇၅,၂၉၃. ၇ | ၁၂. ၃ | ၇. ၆ |
| | ၂ | ဆက်သွယ်ရေး | ၁,၅၄၇,၇၂၅. ၁ | ၃. ၁ | ၅၇. ၂ | ၂,၆၁၄,၁၇၉. ၅ | ၄. ၈ | ၆၈. ၉ |
| | ၃ | ငွေရေးကြေးရေး | ၁၀၃,၀၇၁. ၄ | ၀. ၂ | ၉၂. ၇ | ၁၂၇,၆၆၀. ၄ | ၀. ၂ | ၂၃. ၉ |
| | ၄ | လူမှုရေးနှင့် စီမံခန့်ခွဲရေး | ၁,၁၄၄,၂၉၆. ၀ | ၂. ၃ | ၂၇. ၈ | ၁,၃၈၆,၉၃၉. ၇ | ၂. ၆ | ၂၁. ၂ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁,၁၁၉,၆၇၃. ၆ | ၂. ၃ | ၁၅. ၇ | ၁,၂၅၁,၁၃၁. ၄ | ၂. ၃ | ၁၁. ၇ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၉,၅၄၄,၃၂၂. ၅** | **၁၉. ၁** | **၆. ၆** | **၁၀,၀၅၆,၁၃၇. ၇** | **၁၈. ၄** | **၅. ၄** |
| **၄** | | **အသားတင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး (ဂျီဒီပီ)** | **၄၉,၈၆၈,၈၁၃. ၃** | **၁၀၀. ၀** | **၈. ၉** | **၅၄,၄၂၈,၂၆၃. ၃** | **၁၀၀. ၀** | **၉. ၁** |

**ပူးတွဲ-၃**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းအရ
## အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ |
| ၁ | ကချင်ပြည်နယ် | ၁,၂၃၇,၂၂၁. ၇ | ၂. ၅ | ၈. ၄ | ၁,၂၆၁,၇၅၅. ၆ | ၂. ၃ | ၂. ၀ |
| ၂ | ကယားပြည်နယ် | ၁၇၈,၂၄၈. ၀ | ၀. ၄ | ၈. ၀ | ၁၉၆,၃၂၀. ၅ | ၀. ၄ | ၁၀. ၁ |
| ၃ | ကရင်ပြည်နယ် | ၈၆၉,၂၀၃. ၈ | ၁. ၇ | ၈. ၆ | ၁,၀၀၂,၇၄၈. ၉ | ၁. ၉ | ၁၅. ၄ |
| ၄ | ချင်းပြည်နယ် | ၁၇၄,၄၉၇. ၆ | ၀. ၄ | ၈. ၈ | ၂၂၀,၆၀၂. ၄ | ၀. ၄ | ၂၆. ၄ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၅,၇၇၅,၀၈၂. ၈ | ၁၁. ၆ | ၉. ၅ | ၆,၃၂၉,၀၁၅. ၉ | ၁၁. ၆ | ၉. ၆ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၁,၇၀၃,၀၄၆. ၄ | ၃. ၄ | ၇. ၄ | ၁,၈၆၃,၁၀၁. ၃ | ၃. ၄ | ၉. ၄ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၂၉၈,၅၇၂. ၃ | ၈. ၆ | ၈. ၇ | ၄,၆၇၂,၇၄၅. ၃ | ၈. ၆ | ၈. ၇ |
| ၈ | မကွေးတိုင်းဒေသကြီး | ၄,၇၈၀,၆၅၁. ၆ | ၉. ၆ | ၈. ၀ | ၅,၁၇၀,၃၁၉. ၀ | ၉. ၅ | ၈. ၂ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၅,၅၂၉,၀၀၄. ၅ | ၁၁. ၁ | ၇. ၀ | ၆,၂၁၃,၉၇၆. ၇ | ၁၁. ၄ | ၁၂. ၄ |
| ၁၀ | မွန်ပြည်နယ် | ၂,၁၃၃,၈၄၆. ၃ | ၄. ၃ | ၉. ၁ | ၂,၃၅၅,၇၉၀. ၀ | ၄. ၃ | ၁၀. ၄ |
| ၁၁ | ရခိုင်ပြည်နယ် | ၁,၉၁၄,၃၁၈. ၈ | ၃. ၈ | ၆. ၂ | ၂,၀၂၂,၈၉၅. ၀ | ၃. ၇ | ၅. ၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၁,၀၇၉,၄၅၀. ၁ | ၂၂. ၂ | ၈. ၀ | ၁၂,၁၁၂,၈၀၆. ၈ | ၂၂. ၃ | ၉. ၃ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၅၂၃,၄၀၄. ၄ | ၇. ၁ | ၆. ၁ | ၃,၆၉၉,၇၉၉. ၁ | ၆. ၈ | ၅. ၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၅,၆၅၉,၆၃၃. ၉ | ၁၁. ၃ | ၅. ၆ | ၆,၀၀၇,၈၅၄. ၆ | ၁၁. ၀ | ၆. ၂ |
| ၁၅ | နေပြည်တော်ကောင်စီနယ်မြေ | ၁,၀၁၂,၆၃၁. ၁ | ၂. ၀ | ၇၆. ၇ | ၁,၂၉၈,၅၃၂. ၂ | ၂. ၄ | ၂၈. ၂ |

**ပူးတွဲ-၄**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍကြီးများအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍကြီး | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **လယ်ယာကဏ္ဍကြီး** | **၁၇,၇၂၉,၃၁၈. ၃** | **၂၉. ၉** | **၁၈,၉၁၄,၄၂၁. ၇** | **၂၈. ၆** | **၆. ၇** |
| | ၁ | လယ်ယာ | ၁၃,၀၅၈,၆၄၀. ၄ | ၂၂. ၀ | ၁၃,၇၅၉,၀၂၉. ၉ | ၂၀. ၈ | ၅. ၄ |
| | ၂ | သားငါး | ၄,၅၀၉,၅၁၆. ၈ | ၇. ၆ | ၅,၀၄၄,၄၁၅. ၂ | ၇. ၆ | ၁၁. ၉ |
| | ၃ | သစ်တော | ၁၆၁,၁၆၁. ၁ | ၀. ၃ | ၁၁၀,၉၇၆. ၆ | ၀. ၂ | -၃၁. ၁ |
| **၂** | | **စက်မှုကဏ္ဍကြီး** | **၁၉,၉၉၉,၆၈၄. ၆** | **၃၃. ၈** | **၂၃,၂၂၉,၁၀၇. ၉** | **၃၅. ၀** | **၁၆. ၁** |
| | ၁ | စွမ်းအင် | ၃,၇၆၇,၀၉၆. ၂ | ၆. ၄ | ၄,၄၇၅,၇၂၂. ၈ | ၆. ၈ | ၁၈. ၈ |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၀၈,၅၁၇. ၀ | ၁. ၂ | ၇၁၀,၃၄၄. ၁ | ၁. ၁ | ၀. ၃ |
| | ၃ | စက်မှုလက်မှု | ၁၂,၀၉၉,၅၀၉. ၄ | ၂၀. ၄ | ၁၃,၅၄၂,၅၂၈. ၉ | ၂၀. ၄ | ၁၁. ၉ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၂၈,၅၂၄. ၇ | ၁. ၂ | ၁,၀၁၉,၈၉၄. ၁ | ၁. ၅ | ၄၀. ၀ |
| | ၅ | ဆောက်လုပ်မှု | ၂,၆၉၆,၀၃၇. ၃ | ၄. ၆ | ၃,၄၈၀,၆၁၈. ၀ | ၅. ၂ | ၂၉. ၁ |
| **၃** | | **ဝန်ဆောင်မှုကဏ္ဍကြီး** | **၂၁,၅၁၉,၉၅၀. ၁** | **၃၆. ၃** | **၂၄,၀၉၂,၁၇၇. ၀** | **၃၆. ၄** | **၁၂. ၀** |
| | ၁ | ပို့ဆောင်ရေး | ၆,၉၅၅,၅၀၄. ၁ | ၁၁. ၇ | ၇,၅၄၀,၉၇၀. ၄ | ၁၁. ၄ | ၈. ၄ |
| | ၂ | ဆက်သွယ်ရေး | ၅၆၀,၇၂၆. ၂ | ၁. ၀ | ၅၈၈,၅၃၄. ၈ | ၀. ၉ | ၅. ၀ |
| | ၃ | ငွေရေးကြေးရေး | ၇၉,၈၆၈. ၂ | ၀. ၁ | ၉၈,၉၂၄. ၀ | ၀. ၁ | ၂၃. ၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၃၅၅,၆၁၀. ၁ | ၂. ၃ | ၁,၈၈၆,၂၂၂. ၁ | ၂. ၈ | ၃၉. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁,၂၂၈,၆၂၈. ၄ | ၂. ၁ | ၁,၄၉၈,၁၇၀. ၃ | ၂. ၃ | ၂၁. ၉ |
| | ၆ | ကုန်သွယ်မှု | ၁၁,၃၃၉,၆၁၃. ၁ | ၁၉. ၁ | ၁၂,၄၇၉,၃၅၅. ၄ | ၁၈. ၉ | ၁၀. ၁ |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉,၂၄၈,၉၅၃. ၀** | **၁၀၀. ၀** | **၆၆,၂၃၅,၇၀၆. ၆** | **၁၀၀. ၀** | **၁၁. ၈** |

**ပူးတွဲ-၅**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းအရ ကဏ္ဍအလိုက် အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| **၁** | | **ထုတ်လုပ်မှုတန်ဖိုး** | **၃၇,၇၂၉,၀၀၂. ၉** | **၆၃. ၇** | **၄၂,၁၄၃,၅၂၉. ၆** | **၆၃. ၆** | **၁၁. ၇** |
| | ၁ | လယ်ယာ | ၁၃,၀၅၈,၆၄၀. ၄ | ၂၂. ၀ | ၁၃,၇၅၉,၀၂၉. ၉ | ၂၀. ၈ | ၅. ၄ |
| | ၂ | သားငါး | ၄,၅၀၉,၅၁၆. ၈ | ၇. ၆ | ၅,၀၄၄,၄၁၅. ၂ | ၇. ၆ | ၁၁. ၉ |
| | ၃ | သစ်တော | ၁၆၁,၁၆၁. ၁ | ၀. ၃ | ၁၁၀,၉၇၆. ၆ | ၀. ၂ | -၃၁. ၁ |
| | ၄ | စွမ်းအင် | ၃,၇၆၇,၀၉၆. ၂ | ၆. ၄ | ၄,၄၇၅,၇၂၂. ၈ | ၆. ၈ | ၁၈. ၈ |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၇၀၈,၅၁၇. ၀ | ၁. ၂ | ၇၁၀,၃၄၄. ၁ | ၁. ၁ | ၀. ၃ |
| | ၆ | စက်မှုလက်မှု | ၁၂,၀၉၉,၅၀၉. ၄ | ၂၀. ၄ | ၁၃,၅၄၂,၅၂၈. ၉ | ၂၀. ၄ | ၁၁. ၉ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၇၂၈,၅၂၄. ၇ | ၁. ၂ | ၁,၀၁၉,၈၉၄. ၁ | ၁. ၅ | ၄၀. ၀ |
| | ၈ | ဆောက်လုပ်မှု | ၂,၆၉၆,၀၃၇. ၃ | ၄. ၆ | ၃,၄၈၀,၆၁၈. ၀ | ၅. ၂ | ၂၉. ၁ |
| **၂** | | **ဝန်ဆောင်မှုတန်ဖိုး** | **၁၀,၁၈၀,၃၃၇. ၀** | **၁၇. ၂** | **၁၁,၆၁၂,၈၂၁. ၆** | **၁၇. ၅** | **၁၄. ၁** |
| | ၁ | ပို့ဆောင်ရေး | ၆,၉၅၅,၅၀၄. ၁ | ၁၁. ၇ | ၇,၅၄၀,၉၇၀. ၄ | ၁၁. ၄ | ၈. ၄ |
| | ၂ | ဆက်သွယ်ရေး | ၅၆၀,၇၂၆. ၂ | ၁. ၀ | ၅၈၈,၅၃၄. ၈ | ၀. ၉ | ၅. ၀ |
| | ၃ | ငွေရေးကြေးရေး | ၇၉,၈၆၈. ၂ | ၀. ၁ | ၉၈,၉၂၄. ၀ | ၀. ၁ | ၂၃. ၉ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁,၃၅၅,၆၁၀. ၁ | ၂. ၃ | ၁,၈၈၆,၂၂၂. ၁ | ၂. ၈ | ၃၉. ၁ |
| | ၅ | ငှားရမ်းခနှင့် အခြားဝန်ဆောင်မှု | ၁,၂၂၈,၆၂၈. ၄ | ၂. ၁ | ၁,၄၉၈,၁၇၀. ၃ | ၂. ၃ | ၂၁. ၉ |
| **၃** | | **ကုန်သွယ်မှုတန်ဖိုး** | **၁၁,၃၃၉,၆၁၃. ၁** | **၁၉. ၁** | **၁၂,၄၇၉,၃၅၅. ၄** | **၁၈. ၉** | **၁၀. ၁** |
| **၄** | | **အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (ဂျီဒီပီ)** | **၅၉,၂၄၈,၉၅၃. ၀** | **၁၀၀. ၀** | **၆၆,၂၃၅,၇၀၆. ၆** | **၁၀၀. ၀** | **၁၁. ၈** |

**ပူးတွဲ-၆**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏
## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် စီမံကိန်းအရ
## အသားတင်ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး ရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ကချင်ပြည်နယ် | ၁,၅၅၀,၃၆၀.၃ | ၂.၆ | ၁,၅၅၁,၂၉၀.၅ | ၂.၃ | ၀.၁ |
| ၂ | ကယားပြည်နယ် | ၁၉၆,၅၂၃.၅ | ၀.၃ | ၂၂၇,၈၇၆.၇ | ၀.၃ | ၁၆.၀ |
| ၃ | ကရင်ပြည်နယ် | ၉၅၇,၁၄၇.၄ | ၁.၆ | ၁,၁၃၃,၀၈၅.၄ | ၁.၇ | ၁၈.၄ |
| ၄ | ချင်းပြည်နယ် | ၁၉၂,၂၉၆.၄ | ၀.၃ | ၂၄၂,၄၇၀.၄ | ၀.၄ | ၂၆.၁ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၆,၄၇၀,၅၀၂.၀ | ၁၀.၉ | ၇,၂၃၂,၂၅၅.၇ | ၁၀.၉ | ၁၁.၈ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၃,၂၅၄,၈၈၆.၉ | ၅.၅ | ၃,၅၃၆,၁၆၆.၂ | ၅.၃ | ၈.၆ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၄,၇၁၃,၆၉၇.၈ | ၈.၀ | ၅,၁၈၈,၆၇၄.၁ | ၇.၈ | ၁၀.၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၅,၄၈၅,၃၂၇.၆ | ၉.၃ | ၆,၁၃၉,၁၃၂.၃ | ၉.၃ | ၁၁.၉ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၆,၁၀၉,၉၅၀.၅ | ၁၀.၃ | ၆,၇၈၆,၀၈၅.၆ | ၁၀.၃ | ၁၁.၁ |
| ၁၀ | မွန်ပြည်နယ် | ၂,၃၄၈,၃၁၆.၅ | ၄.၀ | ၂,၆၅၈,၇၁၉.၆ | ၄.၀ | ၁၃.၂ |
| ၁၁ | ရခိုင်ပြည်နယ် | ၂,၇၉၇,၈၈၈.၁ | ၄.၇ | ၂,၉၅၆,၄၀၆.၄ | ၄.၅ | ၅.၇ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၁၂,၄၀၇,၁၃၄.၁ | ၂၁.၀ | ၁၃,၉၉၀,၉၈၆.၅ | ၂၁.၁ | ၁၂.၈ |
| ၁၃ | ရှမ်းပြည်နယ် | ၃,၉၀၁,၆၄၉.၆ | ၆.၆ | ၄,၁၇၃,၄၄၆.၁ | ၆.၃ | ၇.၀ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၇,၇၇၇,၉၆၂.၅ | ၁၃.၁ | ၈,၉၇၄,၇၉၈.၂ | ၁၃.၆ | ၁၅.၄ |
| ၁၅ | နေပြည်တော်ကောင်စီ နယ်မြေ | ၁,၀၈၅,၃၀၉.၈ | ၁.၈ | ၁,၄၄၄,၃၁၂.၉ | ၂.၂ | ၃၃.၁ |

**ပူးတွဲ-၇**

## ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းအရ ပိုင်ဆိုင်မှုအခန်းအလိုက် ရင်းနှီးမြှုပ်နှံမှုလျာထားချက်

| အမှတ်စဉ် | အကြောင်းအရာ | ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | | ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် (အမျိုးသားစီမံကိန်း) | |
|---|---|---|---|---|---|
| | | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) | တန်ဖိုး (ကျပ်သန်း) | ပါဝင်မှု (ရာခိုင်နှုန်း) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၁ | နိုင်ငံပိုင် | ၄,၉၂၈,၈၂၄.၀* | ၂၅.၅ | ၆,၈၅၉,၉၂၂.၅* | ၂၉.၄ |
| ၂ | သမဝါယမပိုင် | ၁,၆၇၃.၇ | ၀.၀၁ | ၂,၀၅၇.၇ | ၀.၀၁ |
| ၃ | ပုဂ္ဂလိကပိုင် | ၁၄,၄၁၂,၁၆၇.၇ | ၇၄.၅ | ၁၆,၄၃၇,၁၁၃.၀ | ၇၀.၆ |
| | **စုစုပေါင်း** | **၁၉,၃၄၂,၆၆၅.၄** | **၁၀၀.၀** | **၂၃,၂၉၉,၀၉၃.၂** | **၁၀၀.၀** |

* နိုင်ငံခြားချေးငွေနှင့်အထောက်အပံ့အပါအဝင်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုလွှတ်တော်ရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၄၁/၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)

**၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ ထုတ်ပြန်ကြေညာခြင်း**

နိုင်ငံတော်သမ္မတက အတည်ပြုလက်မှတ်ရေးထိုးသော ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈။) အား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၁ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

# ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

**( ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၈။ )**

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

( ၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

### နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

## အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန်လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပုဒ်မ ၁၁ တွင် သတ်မှတ်ထားသည့်ငွေထက် မပိုစေရ။ ထိုသို့ ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ပြုပြင်ပြီးခန့်မှန်းခြေစာရင်း တင်ပြချိန်ထက်ကျော်လွန်ပါက ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသောရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်၍၊ ထိုရန်ပုံငွေတို့မှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှုမရှိ၍ တောင်းခံလာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့်လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်း၊ လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ လိုအပ်သလိုထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံးခန့်မှန်းခြေငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့်ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများထုတ်ချေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

## အခန်း (၂)

## ငွေချေးယူခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက်ဖြစ်စေ၊ ပြည်ထောင်စု၏ ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ ပြည်ထောင်စုက တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ်များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင်သည့် အတိုးနှုန်းများ သတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်းစီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၈။ ယခင်ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများဖြည့်တင်းရန် အာမခံစာချုပ်များရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက်သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရဌာနတစ်ခုခုအား ပြည်ပမှ ငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်ပမှရရှိသော

ချေးငွေများကို နိုင်ငံတော်နှင့်အကျိုးတူဆောင်ရွက်နေသောလုပ်ငန်းများသို့ သင့်လျော်သောစည်းကမ်းချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်း (၂) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်း နိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်း (၂) အရ ငွေချေးယူသော ကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၁၁။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ် အတွင်း ဤအခန်း (၂) အရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူလက်ခံရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်းသုံးဆယ့်ခြောက်သိန်းထက် မပိုစေရ။

## အခန်း (၃)
## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

၁၂။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏ လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့် ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၃။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံ ခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့် များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေ နိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စ တစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

## အပိုင်း ၃
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

## အခန်း (၁)
## ရငွေများနှင့်သုံးငွေများ

၁၅။ (က) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများ အတွက် လိုအပ်သည့် သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းများဝယ်ယူခြင်း အသုံးစရိတ်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန်မလုံလောက်ပါက မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၅ (က) တွင်ပါရှိသည့် သာမန်အသုံးစရိတ်များမှအပ အခြားသာမန်အသုံးစရိတ်၊ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၆။ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၇။ (က) ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)
## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၈။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန် ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၇) တွင် ဖော်ပြထားသောရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများပြောင်းလဲခြင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောနိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန်ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

(ဆ) ပုဒ်မခွဲ (စ) ပါ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (စ) ပါ လုပ်ပိုင်ခွင့်များကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း (၃)

## နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၉။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၇) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်း စီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူပြီး ပြောင်းလဲနိုင်သည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုမှ အခြားဌာနအဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်း စီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရ အဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ဃ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၈ ပုဒ်မခွဲ (စ) အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

## အခန်း (၄)

## ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်းဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အား အပေါ် မိမိတို့ ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံး ခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၁။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့ အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်

ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

၂၂။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၉) နှင့် (၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့်သုံးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

## အပိုင်း ၄
## သီးသန့်ရန်ပုံငွေ

၂၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄) စာတိုင် (၄) တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည် -

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင် မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန်မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့်ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

## အပိုင်း ၅

## တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၄။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၅။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရလိုအပ်လျှင် ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အပိုင်း ၆

## နေပြည်တော်ကောင်စီ

၂၈။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၉။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁၃) တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

## အပိုင်း ၇
## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၃၂။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၄) နှင့် (၁၅) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁၄) နှင့် (၁၅) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်းအကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊
ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၀.၀၀၀ | | | ၀.၁၅၀ | | | | | | ၁၀.၁၅၀ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကကတာဝန်ပေးသူ | | | ၂.၀၀၀ | | | | | | | | | ၂.၀၀၀ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | | | |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | | | |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၁၀၀.၀၀၀ | | | | | | | | | ၁၀၀.၀၀၀ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၀.၀၀၅ | | | | | | | | | ၀.၀၀၅ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | | | | |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်ကတာဝန်ပေးသူ | | | ၁၀.၆၉၀ | | | | | | | | | ၁၀.၆၉၀ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၅၆.၅၁၃ | | | ၀.၀၀၃ | | | ၉၈၀.၀၀၀ | | | ၁၀၃၆.၅၁၆ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၁၉.၁၃၀ | | | | | | | | | ၁၉.၁၃၀ |
| | ပေါင်း | | | | ၁၉၈.၃၃၈ | | | ၀.၁၅၃ | | | ၉၈၀.၀၀၀ | | | ၁၁၇၈.၄၉၁ |

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၄၅၅၅·၉၂၅ | | ၇၄၇·၈၇၁ | ၁၉၂၃၂·၃၉၄ | | | | | ၃၄၅၃၆·၁၉၀ |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၄၈၆.၄၆၆ | | | ၇၈·၄၂၅ | | | | | ၁၅၆၄.၈၉၁ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကကတာဝန်ပေးသူ | ၁၆၅၉·၈၅၉ | | | ၃၃၃၄·၅၂၇ | | | | | ၄၉၉၄·၃၈၆ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၈၄၂၃·၃၄၉ | | | ၁၀၂၃၀·၇၁၅ | | | | | ၁၈၆၅၄.၀၆၄ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၀၇၈.၇၃၉ | | | ၁၁၁၁၈.၈၁၇ | | | | | ၁၇၁၉၇·၅၅၆ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၁၀၈၃.၂၅၀ | | | ၁၃၃၅၄·၄၁၅ | | | | | ၂၄၄၃၇.၆၆၅ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | ၆၈၆.၄၂၇ | | | ၈၀.၆၅၀ | | | | | ၇၆၇.၀၇၇ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၅၀၈၄.၂၄၂ | | | ၄၂၃၀.၂၂၀ | | | | | ၉၃၁၄.၄၆၂ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်ကတာဝန်ပေးသူ | ၁၄၁၈.၄၈၃ | | | ၁၇၆.၂၃၅ | | | | | ၁၅၉၄.၇၁၈ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၄၀၀.၄၈၇ | ၇·၃၅၀ | | ၂၄၉၉·၉၉၂ | | | | | ၄၉၀၇.၈၂၉ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ | ၆၅၄၈.၈၇၅ | | | ၂၀၈၇·၉၅၄ | | | | | ၈၆၃၆.၈၂၉ |
| | ပေါင်း | | ၅၉၄၂၆.၁၀၂ | ၇·၃၅၀ | ၇၄၇·၈၇၁ | ၆၆၄၂၄·၃၄၄ | | | | | ၁၂၆၆၀၅.၆၆၇ |

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့ အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့ အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှ ရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | | ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် တွင်ကောက်ခံသည့် အခွန်အကောက် | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | ၁၄၆၄၄၈၇.၇၇၄ | | | | | | | | | | | ၁၄၆၄၄၈၇.၇၇၄ |
| | ၁ | ယစ်မျိုးခွန် | | ၉၃၄.၈၃၃ | | | | | | | | | | | ၉၃၄.၈၃၃ |
| | ၂ | ကုန်သွယ်လုပ်ငန်းခွန် | | ၁၂၉၁၀၈၂.၂၃၇ | | | | | | | | | | | ၁၂၉၁၀၈၂.၂၃၇ |
| | ၃ | သွင်းကုန်အတွက်လိုင်စင်ခများ | | ၈၀၀၀.၀၀၀ | | | | | | | | | | | ၈၀၀၀.၀၀၀ |
| | ၄ | မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု | | ၂၈၀၀၀.၄၁၀ | | | | | | | | | | | ၂၈၀၀၀.၄၁၀ |
| | ၅ | သယ်ယူပို့ဆောင်ရေးအခွန် | | ၁၀၅၄၇၀.၂၉၄ | | | | | | | | | | | ၁၀၅၄၇၀.၂၉၄ |
| | ၆ | တံဆိပ်ခေါင်းရောင်းရငွေများ | | ၃၁၀၀၀.၀၀၀ | | | | | | | | | | | ၃၁၀၀၀.၀၀၀ |
| ၂ | | ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ် တွင်ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၁၆၆၄၉၃၂.၇၂၉ | | | | | | | | | | | ၁၆၆၄၉၃၂.၇၂၉ |
| | ၁ | ဝင်ငွေခွန် | | ၁၆၆၄၉၃၂.၇၂၉ | | | | | | | | | | | ၁၆၆၄၉၃၂.၇၂၉ |
| ၃ | | အကောက်ခွန် | ၎င်း | ၁၉၀၀၀၀.၀၀၀ | | | | | | | | | | | ၁၉၀၀၀၀.၀၀၀ |
| | ၁ | အကောက်ခွန် | | ၁၉၀၀၀၀.၀၀၀ | | | | | | | | | | | ၁၉၀၀၀၀.၀၀၀ |
| ၄ | | နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက် | ၎င်း | ၁၅၇၁၁၆၀.၄၄၀ | | | | | | | | | | | ၁၅၇၁၁၆၀.၄၄၀ |
| | ၁ | မြေယာပေါ် တွင်ကောက်ခံသည့်အခွန် | | ၀.၈၉၀ | | | | | | | | | | | ၀.၈၉၀ |
| | ၂ | ရေခွန်နှင့်တာတမံခွန် | | ၁၀၁၆.၅၆၈ | | | | | | | | | | | ၁၀၁၆.၅၆၈ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၁၈၄၈.၀၆၁ | | | | | | | | | | | ၁၈၄၈.၀၆၁ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၇.၄၅၀ | | | | | | | | | | | ၇.၄၅၀ |
| | ၅ | အင်းအိုင်ခွန် | | ၁၀၈၃.၇၀၀ | | | | | | | | | | | ၁၀၈၃.၇၀၀ |
| | ၆ | ကြက်ပေါင်ဇေးပေါ် တွင်ကောက်ခံသည့်အခွန် | | ၀.၅၀၀ | | | | | | | | | | | ၀.၅၀၀ |
| | ၇ | ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၃၂၉၃၄၃.၂၇၁ | | | | | | | | | | | ၃၂၉၃၄၃.၂၇၁ |
| | ၈ | ဓာတ်သတ္တုခွန်နှင့်ရတနာခွန် | | ၁၄၀၀.၀၀၀ | | | | | | | | | | | ၁၄၀၀.၀၀၀ |
| | ၉ | ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့်အခွန်အကောက် | | ၁၂၂၅၀၀၀.၀၀၀ | | | | | | | | | | | ၁၂၂၅၀၀၀.၀၀၀ |
| | ၁၀ | လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်အကောက် | | ၁၁၄၆၀.၀၀၀ | | | | | | | | | | | ၁၁၄၆၀.၀၀၀ |
| ၅ | | ပြည်ထောင်စု၏ စီးပွားရေးအဖွဲ့ အစည်းများမှရငွေ | ၎င်း | | ၅၂၇၈၈၀.၁၁၀ | | | | | | | | | | ၅၂၇၈၈၀.၁၁၀ |
| ၆ | | ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့ အစည်းများမှရငွေ | ၎င်း | | ၅၁၇၉.၃၅၃ | | | | | | | | | | ၅၁၇၉.၃၅၃ |

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
| | | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၇ | ပြည်ထဲရေး | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၁၃၉၃၂.၁၃၉ | | | | | | ၄၄၈၀၁.၂၇၂ | | | ၅၈၇၃၃.၄၁၁ |
| ၈ | ကာကွယ်ရေး | ၎င်း | | | ၁၉၄၅၀၅.၁၇၃ | | | | | | | | | ၁၉၄၅၀၅.၁၇၃ |
| ၉ | နယ်စပ်ရေးရာ | ၎င်း | | | ၅၀.၃၉၉ | | | | ၄၉၀၀.၀၀၀ | | | | | ၄၉၅၀.၃၉၉ |
| ၁၀ | နိုင်ငံခြားရေး | ၎င်း | | | ၁၃၀၈.၀၀၀ | | | | | | | | | ၁၃၀၈.၀၀၀ |
| ၁၁ | ပြန်ကြားရေး | ၎င်း | | | ၅၃၆၂.၁၉၀ | | | | | | | | | ၅၃၆၂.၁၉၀ |
| ၁၂ | သမ္မတရုံး | ၎င်း | | | | | | | | | | | | |
| ၁၃ | သာသနာရေး | ၎င်း | | | ၅၂.၈၇၀ | | | | | | | | | ၅၂.၈၇၀ |
| ၁၄ | သမဝါယမ | ၎င်း | | | ၂၅၈.၀၄၂ | ၅၃၂၈.၇၅၀ | | | ၃၂၅၃.၆၀၀ | | ၄၉၀၀၀.၀၀၀ | | | ၅၇၈၄၀.၃၉၂ |
| ၁၅ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | | | ၂၅၉၁၃.၀၄၅ | | | ၃၇၄.၀၀၀ | ၄၅၁၃.၃၄၀ | | ၂၀၀၀.၀၀၀ | | | ၃၂၈၀၀.၃၈၅ |
| ၁၆ | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | | | ၇၅၄၂.၁၃၉ | | | | ၃၃၈၅၅.၇၃၇ | | ၂၇၈၄၁.၉၃၉ | | | ၆၉၂၃၉.၈၁၅ |
| ၁၇ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ | ၎င်း | | | | | | | | | ၂၉၄၀.၀၀၀ | | | ၂၉၄၀.၀၀၀ |
| ၁၈ | ပို့ဆောင်ရေး | ၎င်း | | | ၇၁၉၆၃.၉၃၁ | | | | ၃၃၂၄၄.၈၁၄ | | ၉၈၀၀.၀၀၀ | | | ၁၁၅၀၀၈.၇၄၅ |
| ၁၉ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ | ၎င်း | | | ၁၂၈၂.၈၀၇ | | | | | | | ၂၂.၅၀၀ | | ၁၃၀၅.၃၀၇ |
| ၂၀ | လျှပ်စစ်စွမ်းအား | ၎င်း | | | ၆၀.၁၀၄ | ၃၃၁၀.၈၄၂ | | | | | ၂၅၈၂၈.၅၄၃ | ၁၃၇၇.၉၈၈ | | ၃၀၅၇၇.၄၇၇ |
| ၂၁ | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား | ၎င်း | | | ၁၇၅၀၀.၀၃၀ | | | | ၁၆၃၇.၇၂၆ | | | | | ၁၉၁၃၇.၇၅၆ |
| ၂၂ | စွမ်းအင် | ၎င်း | | | ၀.၀၆၀ | | | | | | | | | ၀.၀၆၀ |
| ၂၃ | စက်မှု | ၎င်း | | | ၂၉၅၈.၄၈၉ | | | | ၂၇၉၃.၀၀၀ | | | | | ၅၇၅၁.၄၈၉ |
| ၂၄ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး | ၎င်း | | | ၅၂၀၇.၂၆၄ | | | ၃၇၂၇.၆၈၅ | ၁၁၈၂.၀၀၀ | ၂၂၃.၄၇၂ | | ၄၃၁.၇၄၃ | | ၁၀၇၇၂.၁၆၄ |
| ၂၅ | အားကစား | ၎င်း | | | ၄၈.၅၂၅ | | | ၀.၂၀၀ | ၈.၂၉၀ | | | | | ၅၇.၀၁၅ |
| ၂၆ | ပညာရေး | ၎င်း | | | ၁၁၆၉၆.၃၆၂ | | | | ၅၅၀၄၆.၃၁၀ | | ၁၉၆၀၀.၀၀၀ | | | ၈၆၃၄၂.၆၇၂ |
| ၂၇ | ကျန်းမာရေး | ၎င်း | | | ၁၂၄၇၄.၇၄၈ | | | ၃.၁၀၀ | ၂၃၇၉၉.၅၃၁ | | | | | ၃၆၂၇၇.၃၇၉ |
| ၂၈ | သတ္တုတွင်း | ၎င်း | | | ၁၅၁၂.၁၀၀ | | | | | | | | | ၁၅၁၂.၁၀၀ |
| ၂၉ | ယဉ်ကျေးမှု | ၎င်း | | | ၃၈၁၈.၁၇၆ | | | | | | | | | ၃၈၁၈.၁၇၆ |
| ၃၀ | ဘဏ္ဍာရေး | ၎င်း | | | ၁၀၀၆၉.၂၉၃ | ၄၄၃၁၇.၃၉၁ | | | ၉၀၀၀.၀၀၀ | ၇၂၃၅.၀၄၈ | ၈၃၃၀.၀၀၀ | | | ၇၉၉၅၁.၇၃၂ |
| ၃၁ | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | | | ၉၀၁၃.၇၄၄ | | | ၁၀၀.၄၀၀ | | | ၁၄၇၀.၀၀၀ | | | ၁၀၅၈၄.၁၄၄ |
| ၃၂ | ဆောက်လုပ်ရေး | ၎င်း | | | ၂၁၄၈၅.၂၈၅ | | | ၁၂၇၀၀၀.၀၀၀ | ၁၁၄၈၅.၀၀၀ | | ၅၀၅၄၀၀.၅၀၀ | | | ၆၆၅၃၇၀.၇၈၅ |
| ၃၃ | အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေး | ၎င်း | | | ၅၁.၁၉၇ | | | | | | | | | ၅၁.၁၉၇ |
| ၃၄ | ရထားပို့ဆောင်ရေး | ၎င်း | | | ၈၄၅၅.၀၀၂ | | | | | | | | | ၈၄၅၅.၀၀၂ |
| ၃၅ | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး | ၎င်း | | | ၄၀.၄၆၀ | | | | | | | | | ၄၀.၄၆၀ |
| ၃၆ | သိပ္ပံနှင့်နည်းပညာ | ၎င်း | | | ၁၈၉၄.၇၀၂ | | | ၅.၀၀၀ | ၁၈၄.၆၃၄ | | | | | ၂၀၈၄.၃၃၆ |
| ၃၇ | ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း | ၎င်း | | | ၃၇၁၀၂.၉၆၃ | | | | | | | | | ၃၇၁၀၂.၉၆၃ |
| ၃၈ | ပင်စင်လစာငွေများနှင့်ဆုငွေများ | ၎င်း | | | ၀.၅၄၇ | | | | | | | | | ၀.၅၄၇ |
| ၃၉ | ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ | ၎င်း | | | | | | | | | | | | |
| | ပေါင်း | | ၄၈၉၀၅၈၀.၉၄၃ | ၅၃၃၀၅၉.၄၆၃ | ၄၆၅၅၅၉.၇၈၆ | ၅၂၉၅၆.၉၈၃ | | ၁၃၁၂၁၀.၃၈၅ | ၁၈၅၇၀၃.၉၈၂ | ၇၄၅၈.၅၂၀ | ၆၉၇၀၁၂.၂၅၄ | ၁၈၃၂.၂၁၁ | | ၆၉၆၅၃၇၄.၅၄၇ |

[ ဆက်လက်ဖော်ပြပါမည်။ ]

**[ ယခင်အပတ် ပြည်သူ့လွှတ်တော်ရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၁၄၊ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှု ကော်မတီ၏ "အမျိုးသားပညာရေးဥပဒေကြမ်း" မှအဆက် ]**

၃၄။ ဝန်ကြီးဌာန၊ ပြည်နယ်/တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့သည် -

(က) အစိုးရကျောင်းများနှင့် အခြားကျောင်းများ အပြန်အလှန်ဆက်သွယ်ကူးပြောင်းသင်ကြားနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ရမည်။

(ခ) တိုင်းရင်းသားစာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် အနုပညာများဖွံ့ဖြိုးရေး အတွက် သင်တန်းများဖွင့်လှစ်သင်ကြားရေး၊ တက္ကသိုလ်များတွင် တိုင်းရင်းသားယဉ်ကျေးမှုနှင့် စာပေအထူးပြုဘာသာရပ်များ ဖွင့်လှစ်ရေးအတွက် ဆောင်ရွက်ရမည်။ ထို့အပြင် လူမှုရေးအဖွဲ့ များနှင့် တိုင်းရင်းသားများအား ဖွင့်လှစ်ခွင့်ပြုနိုင်သည်။

၃၅။ အခြေခံပညာရေးကျောင်း၊ သင်တန်းကျောင်း၊ အသက်မွေးဝမ်းကျောင်းနှင့် အဆင့်မြင့်ပညာရေး အဆင့်အတန်းရှိသောကျောင်း၊ တက္ကသိုလ်၊ ကောလိပ်နှင့် နိုင်ငံခြားတက္ကသိုလ်တစ်ခုခု၏ ကျောင်းခွဲများ ဖွင့်လှစ်ခြင်းသည် ဤဥပဒေ သို့မဟုတ် တည်ဆဲပညာရေးဥပဒေတစ်ရပ်ရပ်နှင့် ကိုက်ညီရမည်။

၃၆။ နိုင်ငံတော်သည် မသန်စွမ်းသူများအတွက် -

(က) **"ပညာရေးအထူးအစီအစဉ်"** ဖြင့် သင်ကြားပေးသော စာသင်ကျောင်းများ ထူထောင်ပေးရန် တာဝန်ရှိသည်။ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်။ ပုဂ္ဂလိကကဏ္ဍကိုလည်း ခွင့်ပြုပေးရမည်။

(ခ) ပညာရေးအထူးအစီအစဉ်ဖြင့် စာသင်ကျောင်းများ ဖွင့်လှစ်အကောင်အထည်ဖော်ဆောင်ရွက်မည်။

၃၇။ **ဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့သည် -**

(က) ရွှေ့ပြောင်းလုပ်သားမိဘများ၏ သား၊ သမီးများအတွက် အခမဲ့ မသင်မနေရမူလတန်းပညာရေး ပြီးမြောက်စေရေးအတွက် ရွှေ့လျားကျောင်းများ တည်ထောင်နိုင်ရန် စီစဉ်ပေးရမည်၊

(ခ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးသော၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများနှင့် သဘာဝ ဘေးအန္တရာယ်ကြုံတွေ့နေရသောဒေသများအတွက် အရေးပေါ်ယာယီကျောင်းများ ဖွင့်လှစ် သင်ကြားပေးသည့် **"ပညာရေးအထူးဝန်ဆောင်မှု"** ကို စီစဉ်ပေးရမည်။

## အခန်း (၇)
## သင်ရိုးညွှန်းတမ်း

### ပညာရေးသင်ရိုးညွှန်းတမ်း

၃၈။ အမျိုးသားပညာရေးကော်မတီသည် ပညာရေးသင်ရိုးညွှန်းတမ်းများနှင့်စပ်လျဉ်း၍ အောက်ပါ အချက်များ ပါရှိစေရန် ကြပ်မတ်ဆောင်ရွက်ရမည် -

(က) တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်စွမ်းရှိသော အသိဉာဏ်ရှိ၍ ဘက်စုံပညာပြည့်ဝသည့် နိုင်ငံ သားကောင်းများ ဖြစ်ထွန်းစေရေး၊

(ခ) လူတစ်ဦးချင်းမှသည် မြန်မာ့လူမှုအဖွဲ့အစည်းတစ်ခုလုံးအတွက် အသုံးဝင်မည့် အသိပညာ၊ အတတ်ပညာနှင့် ကျွမ်းကျင်မှုများကို လေ့ကျင့်ပေးဆောင်နိုင်စွမ်းရှိရေး၊

(ဂ) လိမ္မာရေးခြားရှိမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ မတူကွဲပြားခြားနားခြင်းအား နားလည်လက်ခံမှုနှင့် တန်းတူညီမျှမှုကို မြတ်နိုးခြင်း၊ တာဝန်သိမှု၊ တာဝန်ရှိမှုနှင့် တာဝန်ယူမှုရှိခြင်း၊ ဒီမိုကရေစီအလေ့ အကျင့်တို့ကို တန်ဖိုးထားမှုတို့နှင့် ပြည့်စုံသော နိုင်ငံသားကောင်းများဖြစ်ထွန်းမှုကို လေ့ကျင့် ဖော်ဆောင်နိုင်စွမ်းရှိရေး၊

(ဃ) နိုင်ငံသားအားလုံးတွင် ရှိသင့်ရှိအပ်သော ဘုံတန်ဖိုးများနှင့် တိုင်းရင်းသားမျိုးနွယ်စုအသီးသီး၏ ကြွယ်ဝသော စာပေ၊ အနုပညာနှင့်ယဉ်ကျေးမှု ဓလေ့တန်ဖိုးကို မြှင့်တင်နိုင်စွမ်းရှိရေး၊

(င) ပညာရေးအဆင့်တိုင်း၏ ပြဋ္ဌာန်းသင်ရိုးများသည် ခေတ်ကာလအခြေအနေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်၍ နိုင်ငံတကာပညာရေးသင်ရိုးညွှန်းတမ်းနှင့်လည်း လိုက်လျောညီထွေမှုရှိရေး၊

(စ) နိုင်ငံတစ်ဝန်းတွင် ကျင့်သုံးရမည့် အခြေခံပညာရေးအဆင့်အသီးသီးအတွက် **"အမျိုးသားသင်ရိုးညွှန်းတမ်းစံများ"** ရှိရေး၊

(ဆ) အပိုဒ် (စ) ပါ အမျိုးသားသင်ရိုးညွှန်းတမ်းစံကို အခြေခံ၍ ဒေသအလိုက် သင်ရိုးညွှန်းတမ်းဖွံ့ဖြိုးမှုကို လွတ်လပ်စွာဆောင်ရွက်နိုင်ခွင့်ရှိရေး၊

(ဇ) လက်တွေ့ဘဝနှင့် ဆက်စပ်မှုရှိရေး။

**သင်ရိုးညွှန်းတမ်းမာတိကာတူညီမှုနှင့် အဆင့်သတ်မှတ်ခြင်း**

၃၉။ အခြေခံပညာရေး၏အဆင့်တိုင်း သင်ရိုးညွှန်းတမ်းမာတိကာတူသည့် ကျောင်းသင်ပညာရေးနှင့် ကျောင်းပြင်ပပညာရေး၏ အဆင့်တိုင်းသည် တူညီသည်ဟု မှတ်ယူရမည်။

**သင်ရိုးမာတိကာပြုပြင်ပြောင်းလဲခြင်း**

၄၀။ ကျောင်းများ၊ အချိန်ပိုင်းစာသင်ကျောင်းများ၊ အသက်မွေးဝမ်းကျောင်းများ၊ တက္ကသိုလ်များနှင့် ကောလိပ်များသည် ပညာရေးစီမံကိန်းပြုပြင်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေရန်နှင့် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ လိုအပ်ချက်အပေါ်အခြေခံကာ ကျောင်းတိုင်း၏ ကိုယ်ပိုင်သင်ရိုးညွှန်းတမ်းများကို သက်ဆိုင်ရာဥပဒေနှင့်အညီ တိုးတက်ပြောင်းလဲပေးရန် တာဝန်နှင့် အခွင့်အရေးများ ရှိစေရမည်။

**သင်ရိုးညွှန်းတမ်းစံသတ်မှတ်အတည်ပြုပေးခြင်း**

၄၁။ ဝန်ကြီးဌာနသည် -

(က) အခြေခံပညာရေးစနစ်၏ အဆင့်တိုင်းအတွက် **"အမျိုးသားပညာရေးသင်ရိုးညွှန်းတမ်းစံများ"** ကို အမျိုးသားပညာရေးကော်မတီ၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းပေးရမည်။

(ခ) မသန်စွမ်းသူများ၊ ဆွံ့အ၊ နားမကြားသူများနှင့် **ဉာဏ်ရည်မမီသူများ (မတူကွဲပြားသင်ယူသူများ)** အတွက် သင်ကြားရမည့် အထူးပညာရေးအစီအစဉ်၏ သင်ရိုးညွှန်းတမ်းကို သက်ဆိုင်ရာပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များနှင့် ညှိနှိုင်းအတည်ပြုပြဋ္ဌာန်းပေးရမည်။

**စာမေးပွဲဖြေဆိုခြင်းနှင့်ဘွဲ့လက်မှတ်၊ အောင်လက်မှတ်ပေးအပ်ခြင်း**

၄၂။ ဝန်ကြီးဌာနသည် စာမေးပွဲများနှင့်စပ်လျဉ်း၍ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းပေးရန်၊ သက်ဆိုင်ရာဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ကြီးမှူးကျင်းပပြီးသည့် ပညာရေးအဆင့်တိုင်း၊ အတန်းတိုင်း၏ အောင်လက်မှတ်များ၊ ဘွဲ့လက်မှတ်များနှင့် ပြည်တွင်းစာမေးပွဲအောင်လက်မှတ်များသည် နိုင်ငံတကာ ဘွဲ့အောင်လက်မှတ်များနှင့် အရည်အသွေးတူညီမှုရှိကြောင်း သတ်မှတ်ပေးရမည်။

၄၃။ ဤဥပဒေ သို့မဟုတ် ပညာရေးဥပဒေတစ်ရပ်ရပ်အရ တရားဝင်ကျောင်းတည်ထောင်ခွင့်ရထားသော ကျောင်းမှ တာဝန်ရှိသူကသာ သင်တန်းဆင်းလက်မှတ် သို့မဟုတ် အောင်လက်မှတ် သို့မဟုတ် ဘွဲ့အသီးသီး သို့မဟုတ် ဒီပလိုမာလက်မှတ်ကို ထုတ်ပေးပိုင်ခွင့်ရှိသည်။ အခြားမည်သူမှ ထုတ်ပေးပိုင်ခွင့်မရှိစေရ။ အတုပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားဝင်ဖွင့်ခွင့်ရသော ကျောင်းက တရားစွဲဆိုခွင့်ရှိသည်။

**သင်ကြားရေးတွင် အသုံးပြုမည့် ဘာသာစကားနှင့်သင်ယူရမည့်ဘာသာစကား**

၄၄။ သင်ကြားရေးတွင် မြန်မာဘာသာ သို့မဟုတ် အင်္ဂလိပ်ဘာသာ သို့မဟုတ် မြန်မာ-အင်္ဂလိပ် နှစ်ဘာသာတွဲ၍ သင်ကြားနိုင်သည်။

၄၅။ တိုင်းရင်းသားများသည် မိမိတို့၏ တိုင်းရင်းသားစာပေနှင့် ဘာသာစကားကို မူလတန်းအဆင့်တွင် သင်ရိုးတစ်ခုအဖြစ် သင်ယူနိုင်သည်။

**နည်းပညာအသုံးချ အကောင်အထည်ဖော်ဆောင်မှု**

၄၆။ **သက်ဆိုင်ရာကျောင်းများ၊ ကောလိပ်၊ ဒီဂရီကောလိပ်နှင့်တက္ကသိုလ်များသည်** ပညာရေးအမျိုးအစားများနှင့် **ပညာရေးအဆင့်တိုင်း၏ သင်ကြားမှုများကို** အကောင်အထည်ဖော်ရာတွင် ခေတ်မီနည်းပညာများကို ထိရောက်စွာအသုံးပြု၍ ဆောင်ရွက်နိုင်သည်။

## အခန်း (၈)

## ပညာရေးဆိုင်ရာတာဝန်နှင့်အခွင့်အရေးများ

**မိဘ သို့မဟုတ် အုပ်ထိန်းသူများ၏ တာဝန်နှင့်အခွင့်အရေးများ**

၄၇။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် ဤဥပဒေ သို့မဟုတ် ပညာရေးဆိုင်ရာအခြားဥပဒေတစ်ရပ်ရပ်အရ ဖွင့်လှစ်တည်ထောင်ထားသော မည်သည့်ကျောင်းတွင်မဆို သတ်မှတ်ချက်နှင့်ညီညွတ်ပါက မိမိ၏ ကလေးကို ကျောင်းအပ်ပိုင်ခွင့်ရှိသည်။

၄၈။ မိဘ သို့မဟုတ် အုပ်ထိန်းသူသည် မိမိတို့ကလေး၏ ပညာရည်မြင့်မားစေရန်နှင့် ကျောင်းပြီးဆုံးစေရန် အတွက် ကျောင်း၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ခွင့် ရှိသည်။

**ရပ်ကွက် သို့မဟုတ် ကျေးရွာများ၏တာဝန်နှင့်အခွင့်အရေးများ**

၄၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုအနေဖြင့် မိမိရပ်ကွက်ဒေသ၏ ပညာရေးတိုးတက်ဖွံ့ဖြိုးစေရေး အတွက် ပါဝင်ဆောင်ရွက်ခွင့်ရှိပြီး လူအား၊ ပစ္စည်းအား၊ ငွေကြေးအင်အား ကူညီပံ့ပိုးနိုင်သည်။

၅၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာလူထုအနေဖြင့် မိမိရပ်ရွာဒေသရှိ ကလေးများအားလုံးတို့အား မသင် မနေရ အခမဲ့ပညာရေး ပြီးမြောက်အောင် ဝိုင်းဝန်းကူညီရန် တာဝန်ရှိသည်။

**တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ တာဝန်နှင့်အခွင့်အရေးများ**

၅၁။ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များသည် -

(က) ပညာရေးနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ လမ်းညွှန်၊ ကူညီပံ့ပိုးရမည်။

(ခ) ကလေးတိုင်း မသင်မနေရပညာရေး ပြီးမြောက်အောင် ဖော်ဆောင်ပေးရမည်။

(ဂ) ထူးချွန်သူများကို ထူးချွန်မှုအလိုက် ချီးမြှင့်သည့် အစီအမံများ ထားရှိရမည်။

(ဃ) ပညာထူးချွန်၍ ပညာသင်ကြားရန် အခက်အခဲရှိသူများအတွက် ဆက်လက်သင်ကြားနိုင်မည့် အစီအစဉ်ကို ဖော်ဆောင်ပေးရမည်။ ပြင်ပမှ ကူညီဆောင်ရွက်ခြင်းကို စိစစ်ခွင့်ပြုနိုင်သည်။

(င) ဒေသခံမဟုတ်သော သင်ကြားပို့ချသူများနှင့် ပညာရေးစီမံခန့်ခွဲသူများအတွက် နေထိုင်သွားလာမှု လွယ်ကူစေရန် တတ်စွမ်းသမျှ စီမံဆောင်ရွက်ရမည်။

(စ) ပညာရေးဆိုင်ရာစီမံခန့်ခွဲရေးကိစ္စများကို တည်ဆဲဥပဒေနှင့်အညီ လွတ်လပ်စွာစီမံခန့်ခွဲမှု ရှိစေရမည်။

(ဆ) ပညာရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရမည်။

(ဇ) ပညာရေးလုပ်ငန်းများအတွက် နိုင်ငံခြားပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

## အခန်း (၉)

## သင်ကြားပို့ချသူများ

### ဆရာ၊ ဆရာမများ၏အရည်အချင်းများ

၅၂။ သင်ကြားပို့ချသူများသည် -

(က) နိုင်ငံနှင့်လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျယ်ပြန့်သောအမြင်ရှိရမည်။ ဒီမိုကရေစီအလေ့အကျင့်ကို ချစ်မြတ်နိုး၍ ကာကွယ်စောင့်ရှောက်မှုပေးရမည့်အပြင် ဖွံ့ဖြိုးအောင် ဆောင်ရွက်ရမည်။

(ခ) မိမိလုပ်ငန်းအပေါ်တွင် တာဝန်သိစိတ်နှင့် အသက်မွေးဝမ်းကျောင်းမှုကို ချစ်မြတ်နိုးစိတ်ရှိရမည်။ ကျောင်းသားကျောင်းသူများအတွက် စံနမူနာကောင်းဖြစ်ရမည်။

(ဂ) အခြေခံပညာရေးအတွက် ဆရာအတတ်ပညာစွမ်းရည်ဆိုင်ရာအောင်လက်မှတ် သို့မဟုတ် ပညာရေးတက္ကသိုလ်မှ ဘွဲ့လက်မှတ် သို့မဟုတ် အထက်ပါ လက်မှတ်အသီးသီးနှင့်အဆင့်တူ နိုင်ငံခြားတက္ကသိုလ်များမှ အောင်လက်မှတ်များ ရှိရမည်။

၅၃။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ ဆရာအတတ်သင်ပညာရေး၊ အဆင့်မြင့်ပညာရေးနှင့် သင်တန်းကျောင်းအသီးသီးမှ ဆရာ၊ ဆရာမများ၏အဆင့်နှင့် လျော်ကန်သော အရည်အချင်းများကို သက်ဆိုင်ရာပညာရေးဥပဒေများတွင် သီးခြားသတ်မှတ်၍ ပြဋ္ဌာန်းရမည်။

၅၄။ သင်ကြားပို့ချသူများ၏ အရည်အသွေးမြင့်မားနေစေရန် ယင်းတို့အား ပြည်တွင်း၊ ပြည်ပအရည်အသွေးမြင့်တင်ရေးဌာနများသို့ စေလွှတ်၍ ဆက်လက်လေ့ကျင့်ပေးရေးနှင့် အဆင့်မြင့်တင်ပေးရေးအတွက် စီမံထားရမည်။ ထူးချွန်မှုများကိုလိုက်၍ ရာထူးအဆင့် တိုးမြှင့်ပေးရမည်။

### သင်ကြားပို့ချသူများ၏ တာဝန်နှင့်အခွင့်အရေးများ

၅၅။ သင်ကြားပို့ချသူများသည် -

(က) သင်ယူသူ ကျောင်းသားကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လေ့ကျင့်ပေးရန်နှင့် ပညာထူးချွန်ရန် သင်ကြားရမည်။ စဉ်ဆက်မပြတ်လေ့လာနေရန်နှင့် သိပ္ပံနည်းကျသုတေသနလုပ်ငန်းကို ဆောင်ရွက်ရမည်။ သင်ရိုးညွှန်းတမ်းကို တိုးတက်အောင် ဆန်းစစ်ဆောင်ရွက်နေရမည်။ လူ့အသိုင်းအဝိုင်းအပေါ် ပညာရေးဆိုင်ရာလုပ်ဆောင်ချက်များဖြင့် ကူညီထောက်ပံ့ရမည်။

(ခ) ပညာသင်ယူသူများ၏ သင်ယူမှုအကျိုးစီးပွားကို မျှမျှတတတိုင်းတာ၊ အကဲဖြတ်၊ ကြီးကြပ်၊ ဦးစီးဦးဆောင်ပြုရမည်။

(ဂ) ကျောင်းနှင့်ကျောင်းတည်ရှိရာ လူမှုအဖွဲ့အစည်း၏ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကို ကြိုးပမ်းဆောင်ရွက်ရမည်။

(ဃ) ပညာသင်ကြားရာတွင် သင်ကြားပို့ချသူနှင့် သင်ယူသူ အပြန်အလှန်အလေးထားဆက်ဆံပြီး သင်ယူသူ၏ ရုပ်ပိုင်း စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုမရှိစေဘဲ သင်ကြားပေးရမည်။

(င) သင်ကြားပို့ချသူများ၏ လူမှုဘဝမြှင့်တင်ရေးနှင့် အရည်အသွေးမြင့်မားတိုးတက်ရေးအတွက် အခွင့်အလမ်းများကို ရရှိနိုင်ခွင့်ရှိသည်။

၅၆။ မူကြိုပညာရေး၊ အခြေခံပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေးနှင့် အဆင့်မြင့်ပညာရေး ဆရာ၊ ဆရာမများ၏ တာဝန်နှင့်အခွင့်အရေးများကို သီးခြားပြဋ္ဌာန်းရန် လိုအပ်ပါက သက်ဆိုင်ရာပညာရေးဥပဒေများတွင် ပြဋ္ဌာန်းပေးရမည်။

၅၇။ အစိုးရသည် သင်ကြားသူများ တာဝန်ကျရာဒေသတွင် တာဝန်ထမ်းဆောင်ရန် အိမ်ရာစီစဉ်စီမံထားရှိရမည်။

## အခန်း (၁၀)

## အရည်အသွေးအကဲဖြတ်မှုနှင့်အရည်အသွေးအာမခံနိုင်မှု

၅၈။ ပညာရေးအဆင့်တိုင်းတွင် ပညာအရည်အသွေးနှင့် အဆင့်အတန်းတိုးတက်မှုကို စစ်ဆေးအကဲဖြတ်နိုင်မည့် ပညာအရည်အသွေးအာမခံနိုင်မှုတစ်ရပ်ရှိရမည်။ ကျောင်းတွင်း အရည်အသွေးစစ်ဆေးမှုလုပ်ငန်းစဉ်နှင့် ကျောင်းပြင်ပမှ ပညာအရည်အသွေးစစ်ဆေးမှု လုပ်ငန်းစဉ်ဟူ၍ လုပ်ငန်းစဉ်နှစ်ရပ် ပါဝင်နေရမည်။ အရည်အသွေး ခိုင်မာမှုအတွက် စံချိန်စံညွှန်းနှင့်နည်းလမ်းများကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ပြဋ္ဌာန်းထားရမည်။

၅၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ကျောင်းပြင်ပအကဲဖြတ်မှုနည်းဖြင့် ပညာရေးအဆင့်အားလုံး၏ အရည်အသွေးကို အကဲဖြတ်ပြီး ပညာရေးအရည်အသွေးအာမခံနိုင်မှုကို ဆောင်ရွက်နိုင်ရန် လွတ်လပ်သည့်ပြည်သူ့အဖွဲ့အစည်းတစ်ရပ်အဖြစ် အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုကော်မရှင်ကို သင့်လျော်သောပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေးရမည် သို့မဟုတ် အသိအမှတ်ပြုအေဂျင်စီကို အသုံးပြုနိုင်သည်။

## အခန်း (၁၁)

## ဘဏ္ဍာရေး

၆၀။ သက်ဆိုင်ရာပညာရေးအဖွဲ့အစည်းသည် ပြည်တွင်းပြည်ပပုဂ္ဂိုလ် သို့မဟုတ် တရားဝင်အဖွဲ့အစည်းများ၏ ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကိုလည်း လက်ခံခွင့်ရှိသည်။

၆၁။ **သက်ဆိုင်ရာပညာရေးအဖွဲ့အစည်းသည် -**

(က) ပုဒ်မ ၆၀ အရ လက်ခံရရှိသော ထောက်ပံ့လှူဒါန်းငွေ သို့မဟုတ် ပစ္စည်းများကို ပညာရေးကဏ္ဍဖွံ့ဖြိုးမှုအတွက် ထိရောက်စွာသုံးစွဲရမည်။

(ခ) ဘဏ္ဍာငွေသုံးစွဲရာတွင် တည်ဆဲဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းနှင့်အညီ သုံးစွဲပြီး စာရင်းဇယားမှတ်တမ်းများကို စေတနာရှင်နှင့် အများပြည်သူတို့ ထင်သာမြင်သာရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ စစ်ဆေးမှုကို ခံယူရမည်။

## အခန်း (၁၂)

## ပညာရေးစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှု

၆၂။ ဒေသအလိုက် လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည့် ပညာရေးစီမံခန့်ခွဲမှုစနစ်ကို ကျင့်သုံးမည်။

၆၃။ ပြည်ထောင်စုအစိုးရဝန်ကြီးဌာနများမှ ဖွင့်လှစ်ထားသော အဆင့်မြင့်ပညာကျောင်းများမှအပ နိုင်ငံတစ်ဝန်းရှိ ပညာရေးစနစ်တစ်ခုလုံး၏ ပညာရေးဆိုင်ရာစီမံခန့်ခွဲမှုနှင့် ကြီးကြပ်မှုတို့အား သက်ဆိုင်ရာ

ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့က တာဝန်ခွဲဝေဆောင်ရွက်ရမည်။ အခြားပြည်ထောင်စုအစိုးရ ဝန်ကြီးဌာနများမှ ဖွင့်လှစ်ထားသော အဆင့်မြင့်ပညာသင်ကျောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများက တက္ကသိုလ်ဥပဒေနှင့်အညီ စီမံခန့်ခွဲရမည်။

၆၄။ ပညာရေးဝန်ကြီးဌာန၏ လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပညာရေးအရည်အသွေးမြင့်မားရေးနှင့် ဖွံ့ဖြိုးရေးအတွက် မူဝါဒများ၊ မဟာဗျူဟာများနှင့် ယင်းတို့ကိုအကောင်အထည်ဖော်မည့် စီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းတို့ကို ချမှတ်ခြင်းကို အစိုးရ၏အတည်ပြုချက်ရယူခြင်းနှင့် အကောင်အထည်ဖော်မှုကို ပံ့ပိုးခြင်း။

(ခ) ပညာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ ပညာရေးအကောင်အထည်ဖော်မှုနှင့် စီမံခန့်ခွဲရေးကို ပံ့ပိုးရန်အတွက် လုပ်ထုံးလုပ်နည်းများနှင့် စံချိန်စံညွှန်းကို ပြဋ္ဌာန်းသတ်မှတ်ပေးခြင်း။

(ဂ) မဟာဗျူဟာများ၊ မူဝါဒများနှင့် ယင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်မှုစီမံချက်၊ ပညာရေးဖွံ့ဖြိုးမှုစီမံကိန်းများ၊ ပညာရေးနှင့်သက်ဆိုင်သည့်ဥပဒေနှင့် အခြားလုပ်ထုံးလုပ်နည်းများကို ပြည်သူလူထုထံ ကျယ်ပြန့်စွာသိရှိစေရန် ဆောင်ရွက်ခြင်း။

(ဃ) ပညာရေးဝန်ကြီးဌာနသည် တိုင်းဒေသကြီး/ပြည်နယ်နှင့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့များ၏ ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကျွမ်းကျင်သူ၊ နည်းပညာ၊ ဘဏ္ဍာရေးနှင့် ကျောင်းတည်ထောင်ဖွင့်လှစ်မှုအတွက် အကူအညီပေးခြင်း။

(င) ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရအဖွဲ့အစည်းများ အခြားသက်ဆိုင်သည့် နိုင်ငံတကာနှင့် ပြည်တွင်းအဖွဲ့အစည်းများနှင့် ထိရောက်စွာပူးပေါင်းဆောင်ရွက်ခြင်း။

(စ) ပညာရေးအတွက် လျာထားသည့် ရ/သုံး ဘဏ္ဍာငွေများကို ထိရောက်စွာအသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ခြင်း၊ ကူညီပံ့ပိုးပေးခြင်း။

(ဆ) နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံခြားသားပညာရှင်များနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရန် စီမံခြင်း။

(ဇ) ပညာရေးဆိုင်ရာအကောင်အထည်ဖော် ဆောင်ရွက်သည့်လုပ်ငန်းများအား အစိုးရနှင့် လွှတ်တော် အသီးသီးသို့ အစီရင်ခံတင်ပြခြင်း။

၆၅။ ပညာရေးစီမံခန့်ခွဲသူများသည် ပညာရေးဆိုင်ရာလုပ်ငန်းများကို မြန်ဆန်ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် စီမံခန့်ခွဲမှုအထောက်အကူပြု စာရင်းအင်းအချက်အလက်များကို စနစ်တကျစုစည်းဆောင်ရွက်သည့် ပညာရေးစီမံခန့်ခွဲမှု သတင်းအချက်အလက်စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။

၆၆။ ပညာရေးဝန်ကြီးဌာနသည် ပုဂ္ဂလိကများက ပညာရေးတစ်ရပ်ရပ်နှင့်အညီ ဖွင့်လှစ်ခွင့်ရထားသော မူကြိုနှင့်အခြေခံပညာရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး၊ အဆင့်မြင့်ပညာရေးကျောင်းများနှင့် အခြားသင်တန်းကျောင်းအသီးသီးတို့ကို ကြီးကြပ်ရန် ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ သို့မဟုတ် လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ကို တာဝန်ပေးအပ်ကြီးကြပ်စေရမည်။

၆၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘုန်းတော်ကြီးသင်ကျောင်းများ၊ ပရဟိတကျောင်းများ၊ ပညာရေးအထူးအစီအစဉ်ကျောင်းများနှင့် ရွှေ့လျားနှင့်အရေးပေါ်ကျောင်းများကို စိစစ်ပြီး လိုအပ်လျှင် ပညာသင်ကာလအတွင်း ထောက်ပံ့ကြေးများနှင့် အခြားအကျိုးခံစားခွင့်များကို သင့်လျော်သလို ကူညီထောက်ပံ့ပေးရမည့်အပြင် လိုအပ်သည့်ပညာရပ်နှင့် သတ်မှတ်ထားသော ကျောင်းအဆင့်အတန်းရောက်ရှိစေရန်နှင့် မိမိကိုယ်ကို အားကိုးတတ်လာစေရန် နည်းပညာ၊ ကျွမ်းကျင်သူနှင့် သင်ကြားရေးအထောက်အကူများ ပံ့ပိုးပေးရမည်။

## အခန်း (၁၃)

## အသွင်ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ

၆၈။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သောကျောင်းအမျိုးမျိုးသည် ဤဥပဒေပြဋ္ဌာန်းချက်များနှင့် ယခင်ရှိခဲ့သော ပညာရေးဥပဒေများတွင် အကျုံးဝင်မှုမရှိလျှင် တရားဝင်ကျောင်း သို့မဟုတ် တရားဝင်သင်တန်းကျောင်း သို့မဟုတ် တရားဝင်တက္ကသိုလ် သို့မဟုတ် တရားဝင်ကောလိပ်များအဖြစ် တည်ဆဲဥပဒေများနှင့် ညီညွတ်စေရန် ဆောင်ရွက်ရမည်။ ထိုကျောင်းအသီးသီးတို့အား အချိန် ၅ နှစ်ပေး၍ တရားဝင်ကျောင်းများဖြစ်လာစေရန် ပြင်ဆင်စေရမည်။ ပြင်ဆင်နိုင်ခြင်းမရှိပါက ဖျက်သိမ်းရမည်။

၆၉။ ဤဥပဒေမပြဋ္ဌာန်းမီက တည်ရှိခဲ့သော အခြားပညာရေးဥပဒေများတွင် ပါဝင်သော ပြဋ္ဌာန်းချက်များသည် ဤဥပဒေနှင့်မဆန့်ကျင်လျှင် ဆက်လက်ကျင့်သုံးနိုင်သည်။

## အခန်း (၁၄)

## အထွေထွေ

၇၀။ ဘာသာရေးကိုသာ သီးသန့်သင်ကြားပေးသော ကျောင်းများသည် ဤဥပဒေနှင့်သက်ဆိုင်ခြင်းမရှိစေရ။

၇၁။ ဤဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သောနည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကိုလည်းကောင်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်၊

(ခ) အမျိုးသားပညာရေးကော်မတီ၊ ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ဦးစီးဌာနများသည် အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၁၅/၂၀၁၄**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် )

**အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာများ လစ်လပ်ကြောင်း ကြေညာခြင်း**

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၆)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဆွန်ဒုတ်ကျင့်နှင့် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာညီညီထွန်းတို့သည် အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၅၊ နည်းဥပဒေခွဲ (က) အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်၍ ယင်းမဲဆန္ဒနယ်များတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နေရာများ လစ်လပ်ကြောင်း ကြေညာအပ်ပါသည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်
( ၂၀၁၄ ခုနှစ်၊ မေလ ၂ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

**ပြည်ထောင်စုလွှတ်တော်ရုံး**
**အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၁၄)**
၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

ပြည်ထောင်စုလွှတ်တော်ရုံးမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးများအား ယှဉ်တွဲဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာများသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| ၁။ | ဦးစိုင်းမောင်မောင် | စီမံဌာန (၁)၊ ဌာနစု (၁၇) |
| ၂။ | ဦးသန့်ဇင်ထွန်း | စီမံဌာန (၂)၊ ဌာနစု (၂၁) |
| ၃။ | ဦးသန်းမြင့် | စီမံဌာန (၁)၊ ဌာနစု (၁၉) |
| ၄။ | ဒေါ်ခင်ထားနွဲ့ | အစည်းအဝေးဌာန၊ ဌာနစု (၉) |
| ၅။ | ဦးမြင့်ဇော်ဝင်း | စီမံဌာန (၁)၊ ဌာနစု (၁၈) |
| ၆။ | ဦးသိန်းထွဋ် | စီမံဌာန (၁)၊ ဌာနစု (၁၇) |
| ၇။ | ဒေါ်ဥမ္မာ | စီမံဌာန (၂)၊ ဌာနစု (၂၂) |
| ၈။ | ဒေါ်မာမာဝေ | ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဌာန၊ ဌာနစု (၁၆) |
| ၉။ | ဒေါ်နွယ်နီလှိုင် | စီမံဌာန (၂)၊ ဌာနစု (၂၁) |
| ၁၀။ | ဒေါ်အေးအေးအောင် | သုတေသနနှင့်စာကြည့်တိုက်ဌာန၊ ဌာနစု (၈) |
| ၁၁။ | ဦးနေဇာထွန်း | စီမံဌာန (၂)၊ ဌာနစု (၂၄) |
| ၁၂။ | ဒေါ်လင်းလင်းလတ် | မှတ်တမ်းဌာန၊ ဌာနစု (၁၁) |
| ၁၃။ | ဒေါ်သန္တာလင်း | နိုင်ငံတကာဆက်ဆံရေးဌာန၊ ဌာနစု (၂) |

| စဉ် | အမည် | ဌာန |
|---|---|---|
| ၁၄။ | ဦးမင်းဇော်ထွေး | ငွေစာရင်းပူးပေါင်းကော်မတီဌာန၊ ဌာနစု (၁၅) |
| ၁၅။ | ဦးစိုးမြင့်သိန်း | ဥပဒေကြမ်းပူးပေါင်းကော်မတီဌာန၊ ဌာနစု (၁၃) |
| ၁၆။ | ဦးမင်းအောင် | စီမံဌာန (၂)၊ ဌာနစု (၂၁) |
| ၁၇။ | ဦးရဲမင်းသီဟရာဇာဦး | နိုင်ငံတကာဆက်ဆံရေးဌာန၊ ဌာနစု (၁) |
| ၁၈။ | ဒေါ်နွယ်နွယ်စိုး | ဥပဒေကြမ်းပူးပေါင်းကော်မတီဌာန၊ ဌာနစု (၁၄) |
| ၁၉။ | ဒေါ်သဇင်ခိုင် | မှတ်တမ်းဌာန၊ ဌာနစု (၁၂) |

(ပုံ) ကျော်စိုး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုလွှတ်တော်ရုံး။

## ပြည်သူ့လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက် )

ပြည်သူ့လွှတ်တော်ရုံးမှ ဦးစီးမှူး ဦးတင်ထွေးအား ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများ လက်ခံဆောင်ရွက်သည့်နေ့မှစ၍ အစမ်းတိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၆၁/၂၀၁၄)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
( ၂၀၁၄ ခုနှစ်၊ ဧပြီလ ၂ ရက် )

၁။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၀/၂၀၁၄) ကို ရည်ညွှန်း၍ ဦးတင်ထွေးသည် ဦးစီးအရာရှိ၏ တာဝန်ဝတ္တရားများကို ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်ပါသည်။

၂။ အဆိုပါအရာထမ်း (၁) ဦးအား ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးတွင် ကနဦးလစာ ၁၂၀,၀၀၀/- ကို မူလအခြေခံနည်းဥပဒေအပိုဒ် ၂၂ (က) (၁) အရ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုလိုက်သည်။

(ပုံ) တင်ဝင်းအောင်၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
ပြည်သူ့လွှတ်တော်ရုံး။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

| ရန်ကုန်မြို့ | ၁၃၇၆ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်<br>( ၂၀၁၄ ခုနှစ်၊ မေလ ၂ ရက် ) | **သောကြာနေ့** |
|---|---|---|

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**ရွှေရထိုက် သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်**

**SHWE YA HTAIK MINING COMPANY LIMITED အား**

အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်

နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂-၆-၂၀၁၄ |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀း၀၀) |
| ကျင်းပမည့်နေရာ | - | အမှတ် (၁၁၀)၊ ၇၃-လမ်း (မင်္ဂလာလမ်းမကြီး)၊ (၂၈×၂၉) လမ်းကြား၊ စိတ္တရမဟီရပ်ကွက်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

DAW SAN KYI
B.Com (Q), C.P.A
Certified Public Accountant
AUDITOR & FINANCIAL CONSULTANT

**တောင်ကြားမိုး သတ္တုတူးဖော်ရေးကုမ္ပဏီလီမိတက်**
**VALLEY RAIN MINING COMPANY LIMITED အား**
အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက်
နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြ အတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များ မပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည် -

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂-၆-၂၀၁၄ |
| ကျင်းပမည့်အချိန် | - | နံနက် (၁၀း၃၀) နာရီ |
| ကျင်းပမည့်နေရာ | - | တိုက်အမှတ် (ဒီ)၊ အခန်းအမှတ် (၂၀၂)၊ ကမ္ဘာအေးဗီလာ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ |

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်း ပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

DAW SAN KYI
B.Com (Q), C.P.A
Certified Public Accountant
AUDITOR & FINANCIAL CONSULTANT

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ
**မြန်မာခရီးသွားချိတ်ဆက် ကုမ္ပဏီလီမိတက်**
**(MYANMAR TRAVELS LINK COMPANY LIMITED)**

၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူး အစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာခရီးသွားချိတ်ဆက် ကုမ္ပဏီလီမိတက် (MYANMAR TRAVELS LINK COMPANY LIMITED)** အား (၂၈-၄-၂၀၁၄) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်း ရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက် ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| U NYUNT SEIN | ဒေါ်စန်းကြည် |
| Managing Director | [B.Com (Q), C.P.A] |
| MYANMAR TRAVELS LINK CO., LTD. | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**ခေတ်မီစားသောက်ဖွယ်ရာကမ္ဘာ ကုမ္ပဏီလီမိတက်**

**(MODERN FOOD WORLD COMPANY LIMITED)**

၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **ခေတ်မီစားသောက်ဖွယ်ရာကမ္ဘာ ကုမ္ပဏီလီမိတက် (MODERN FOOD WORLD COMPANY LIMITED)** အား (၂၈-၄-၂၀၁၄) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

U WIN NAING<br>Managing Director<br>MODERN FOOD WORLD CO., LTD.

ဒေါ်စန်းကြည်<br>[B.Com (Q), C.P.A]<br>စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ ကြော်ငြာစာ

**မြန်မာကောင်းဖုန်း ကုမ္ပဏီလီမိတက်**

**(MYANMAR KAUNG PHONE COMPANY LIMITED)**

၂၀၁၄ ခုနှစ်၊ ဧပြီလ (၂၈) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူးအစည်းအဝေးဆုံးဖြတ်ချက်အရ **မြန်မာကောင်းဖုန်း ကုမ္ပဏီလီမိတက် (MYANMAR KAUNG PHONE COMPANY LIMITED)** အား (၂၈-၄-၂၀၁၄) ရက်နေ့မှစ၍ အစုဝင်များ၏ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းရန် အတည်ပြုဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဒေါ်စန်းကြည် [B.Com (Q), C.P.A] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို ၂၀၁၄ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့ နောက်ဆုံးထား၍ ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

DAW YADANAR LIN AUNG<br>MANAGING DIRECTOR<br>MYANMAR KAUNG PHONE CO., LTD.

ဒေါ်စန်းကြည်<br>[B.Com (Q), C.P.A]<br>စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## BLUE FIN COMPANY LIMITED

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (ဝ) အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ ၃၀-၄-၂၀၁၄ ရက်နေ့က ကျင်းပပြုလုပ်သော သာမန်ထက်ထူးကဲသောအစည်းအဝေး၏ အထူးဆုံးဖြတ်ချက်အရ ကုမ္ပဏီလီမိတက်အား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) အား ခန့်အပ်ရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ သို့အတွက် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်းထံသို့ ကုမ္ပဏီ၏မြီရှင်များသည် မိမိတို့၏ကြွေးမြီတောင်းခံလွှာများကို ၂-၆-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး သက်သေပြစာရွက်စာတမ်း အထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Daw Aye Myitzu
Director
Blue Fin Co., Ltd.

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) - အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) - ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

## Asian Global Express Logistics (Myanmar) Co., Ltd.

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၃၀၈ (င) အရ
ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက်အစုရှင်များ၏ အပြီးသတ်နှင့်နောက်ဆုံးအစည်းအဝေးအား ၂-၆-၂၀၁၄ ရက်နေ့ နံနက် ၁၀း၀၀ နာရီတွင် ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၆၂)၊ မဟာဗန္ဓုလလမ်း၊ မဟာဗန္ဓုလအိမ်ရာစီမံကိန်း (ဂ)၊ (၆) လွှာ၊ အခန်းအမှတ် (၆၀၄) တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအခြေအနေများကို တင်ပြကာ ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါသဖြင့် အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
B.A., H.G.P., R.L., D.B.L., D.I.L., D.M.L.,
P.G.D.I.T (New Delhi) ; D.Jap;
M.P.A., M.A (B.L)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) - အမှတ် ၂၄၄ (ပထမထပ်)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၃၇၄၄၁၉
(အိမ်) - ၄၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်။ ဖုန်း - ၂၉၈၃၇၈၊ ၀၉၅၀၀၈၅၈၃

## လွယ်ချီလိတ် ကုမ္ပဏီလီမိတက်

## Loi Chi Leik Company Limited

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ - ၂၀၆ (၁) အရ

ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းကြောင်း ကြေညာခြင်း

သာမန်ထက်ထူးကဲသော အထွေထွေအစည်းအဝေးဆုံးဖြတ်ချက်အရ **လွယ်ချီလိတ် ကုမ္ပဏီလီမိတက်**အား (၂၉-၄-၂၀၁၄) နေ့မှစတင်၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါသည်။

ဒေါ်မီမီကျော် **[B.Com (Q), C.P.A]** အမှတ် (၄၉/၅၁)၊ (၇-လွှာ)၊ ၂-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးအား တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ထားပါသည်။

ကုမ္ပဏီမှ ရရန်နှင့်ပေးရန်ရှိသည်များကို (၂၉-၅-၂၀၁၄) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ အထောက်အထားခိုင်လုံစွာဖြင့် တင်ပြနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

သီတာစိုး
မန်နေးဂျင်းဒါရိုက်တာ
လွယ်ချီလိတ် ကုမ္ပဏီလီမိတက်၏
ဒါရိုက်တာအဖွဲ့ (ကိုယ်စား)

မီမီကျော်
[B.Com (Q), C.P.A]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ စ၊ လ - အမှတ် ၇၀၀/၁၃/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၅၅/၂-၅-၂၀၁၄။